ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (12-4-2011) (၆၇၃၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက် သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ ဆိပ်ကမ်းလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁။ ။ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဧပြီ ၉ ရက် မွန်းလွဲပိုင်းတွင် အေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိလာပြီး နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်ဖြစ်သည့် **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❍

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် လူ့အသက်နှင့်ရင်းနှီးကာ ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ မှားယွင်းမှု၊ ချို့ယွင်းမှု မရှိအောင် အလေးထားဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁။ ။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ယနေ့နံနက် ၉ နာရီတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

ရေဝတီတံတား(ညောင်တုန်း) သံပေါင်တပ်ဆင်နေ တံတားတည်ဆောက်ပြီးလျှင် ချဉ်းကပ်လမ်းများ ပြီးစီးရန် ဆွေးနွေး

နေပြည်တော် ဧပြီ ၁၁။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ရေဝတီတံတား(ညောင်တုန်း)သို့ ရောက်ရှိပြီး သံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးကာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းက လျှော်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေပေးအပ်

ရန်ကုန် ဧပြီ ၁၁။ ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းက ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေမြို့မှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီခွဲတွင် **စာမျက်နှာ ၉ ကော်လံ ၅ သို့** ✳

ကလေးမြို့နယ်၌ နေကြာစိုက်ပျိုးဖြစ်ထွန်း

ကလေးမြို့နယ် အင်တိုင်းကြီးကျေးရွာနေ တောင်သူ ဦးအေးဖေ၏ အောင်မြင်ဖြစ်ထွန်းနေသော နေကြာစိုက်ခင်း။

ကလေးမြို့နယ်၌ ၁၉၈၈-၈၉ ခုနှစ်တွင် စိုက်ပျိုးမြေ ၁၀၁၁၄ ဧကသာရှိပြီး စပါးစိုက်ပျိုးဧကပေါင်းမှာ ၆၉၁၄၂ ဧကရှိကာ တင်းပေါင်း ၄၁၄၂၇၀၁ တင်း ထွက်ရှိသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် စိုက်ပျိုးမြေဧက ១၅၃၂၀၈ ဧကရှိပြီး နွေစပါး၊ မိုးစပါး စုစုပေါင်း ၁၀၆၀၈၇ ဧက စိုက်ပျိုးရာမှ စပါးတင်းပေါင်း ၈၉၀၄၇၈၈ တင်းထွက်ရှိသဖြင့် နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း စပါးနှစ်ဆကျော် ထွက်ရှိကြောင်း၊ တစ်ဧကအတွက်နှုန်းမှာ ၈၄ ဒသမ ၃၅ တင်းဖြစ်ပြီး ဆန်ဖူလုံမှုမှာ ၁၇၅ ဒသမ ၇၈ ရာခိုင်နှုန်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ကလေးမြို့နယ်၏ ၂၀၀၉-၂၀၁၀ ခုနှစ် ဆီထွက်သီးနှံမြေပဲဖြစ်သည့် မကွေး-၁၀ နှင့် သိပ္ပံ-၁၂၁ မျိုးကို ၁၇၃၂၁ ဧကစိုက်ပျိုးခဲ့ရာ တင်းပေါင်း ၁၂၁၁၉၅၀ ထွက်ရှိသည်။ နှမ်းဘုတ်မွှေးနီမျိုးနှင့် ရှပ်ကလေးမျိုးကို ဧကပေါင်း ၂၈၃၇၇ ဧကစိုက်ပျိုးရာ တင်းပေါင်း ၁၈၆၀၄၂ တင်း ထွက်ရှိသည်။

ဆီထွက်သီးနှံနေကြာစိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ဆန်ဖိုလာ၊ **စာမျက်နှာ ၈ ကော်လံ ၆ သို့** ■

ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းပြီး ပျော်ရွှင်စွာ ဆင်နွှဲကြရမည့် သင်္ကြန်

(ဆောင်းပါး) စာမျက်နှာ - ၆

ရာဖေးလ်ဒါဆေးဟား ချန်ပီယံလိဂ်ကွာတားပွဲ လွဲချော်မည်

(သတင်း) စာမျက်နှာ - ၁၀

ဘင်္ဂလားဒေ့ရှ် ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာ့လက်ရွေးစင် ပထမရရှိ

(သတင်း) စာမျက်နှာ - ၁၀

ဂျပန်နိုင်ငံ၌ ဆူနာမီရိုက်ခတ်မှု တစ်လပြည့်အထိမ်းအမှတ်ပွဲ ပြုလုပ်

(သတင်း) စာမျက်နှာ - ၄

ကြေးမုံ The Mirror

၁၂-၄-၂၀၁၁
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အတွေးသစ် အမြင်သစ်ဖြင့် တီထွင်ထုတ်လုပ်

နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည်။ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရေး တည်ဆောက်လျက်ရှိသည်။

နိုင်ငံ၏ အနာဂတ်ရည်မှန်းချက်သည် စက်မှုနိုင်ငံကြီးထူထောင်နိုင်ရေး ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံအဖြစ် တစ်ဆင့်မြင့်တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေမည်။ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းတက်လှမ်းရာတွင် အခြေခံလိုအပ်သည့် လျှပ်စစ်စွမ်းအားများ ဖြည့်ဆည်းပေးနိုင်မည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်ဖွင့်လှစ်၍ ဓာတ်အားများထုတ်လွှတ်ပေးနေပြီ။

စက်ရုံကြီးများ၊ စက်မှုလုပ်ငန်းကြီးများ ပေါ်ထွက်လာစေရန် စက်မှုနယ်မြေ၊ စက်မှုဇုန်များ ထူထောင်ထားရှိနေပြီ။ စက်ရုံ၊ အလုပ်ရုံသစ်များစွာ တိုးချဲ့တည်ဆောက်ထုတ်လုပ်နေကြပြီ။ အကြီးစားစက်မှုလုပ်ငန်းများ၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ အရှိန်ရစပြုနေပြီဖြစ်သည်နိုင်ငံပိုင်စက်ရုံများနှင့်အတူ ပုဂ္ဂလိကကဏ္ဍ စက်မှုလုပ်ငန်းများ တိုးတက်လာလျက်ရှိသည်။

အချို့စက်မှုနယ်မြေများတွင် အကြီးစားမော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံများ၊ လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်သည့်စက်ရုံများ၊ စက်နှင့်စက်ကိရိယာထုတ်လုပ်သည့်စက်ရုံများ ပါဝင်သည်။ နိုင်ငံတစ်ဝန်း၌ စက်မှုဇုန်များထူထောင်ပေးထားပြီး အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများကို နည်းပညာနှင့် အခြားလိုအပ်ချက်များ ပံ့ပိုးအားပေးလျက်ရှိသည်။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များထူထောင်၍ ကုန်ပစ္စည်းများ ထုတ်လုပ်နေကြသည်မှာ အားတက်ဖွယ်ရာဖြစ်သည်။ ဈေးကွက်တွင် နိုင်ငံတကာ ထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ဖြန့်ဖြူးနိုင်ရေး ဆက်လက်အားထုတ်ကြရပေဦးမည်။ အရည်အသွေးမြင့်မားထွက်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ လုပ်သားများ စွမ်းဆောင်ရည်မြင့်မားရေး၊ အသုံးစရိတ်နှင့် ကုန်ကျစရိတ်များ လျှော့နည်းရေး၊ လေလွင့်ပြုန်းတီးမှု နည်းပါးရေးတို့သည်လည်း အလေးထားရမည့် အချက်များဖြစ်သည်။

စက်ရုံအသီးသီးမှ ကုန်ပစ္စည်းများထုတ်လုပ်ရာ၌ အရည်အသွေး စံချိန်စံညွှန်းမီ ထုတ်လုပ်ရေးသည် ပဓာနကျသည်။ စက်ရုံ၊ အလုပ်ရုံတိုင်းက ဘဏ္ဍာရေးနှစ်သစ်တွင် ဈေးကွက်လိုအပ်ချက်နှင့်အညီ ကုန်ပစ္စည်းများ ထုတ်လုပ်ရေး၊ ကုန်ကြမ်းပစ္စည်းများ အပြည့်အဝဖြည့်ဆည်းပြီး စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး အတွေးသစ် အမြင်သစ် တီထွင်ကြံဆမှုသစ်များနှင့်အတူ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် စက်မှုနိုင်ငံထူထောင်နိုင်ရေး ရည်မှန်းချက် ခရီးရောက်အောင်မြင်မည်ဖြစ်ပါသည်။ ။

ကျောင်းတိုက်စိန်ရတုနှင့် သက်တော်(၉၀)ပြည့်ပူဇော်

နေပြည်တော် ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အသောကာရုံကျောင်းတိုက်ကို မြန်မာသက္ကရာဇ် ၁၂၉၈ ခုနှစ်တွင် တည်ထောင်ခဲ့ရာ ၁၃၇၂ ခုနှစ်တွင် (၇၅)နှစ်ပြည့် စိန်ရတုနှစ်သို့ ရောက်ရှိသဖြင့် ဧပြီ ၃ ရက် နံနက် ၈ နာရီ ၁၅မိနစ်တွင် တိုက်တည်စိန်ရတုမော်ကွန်းကျောက်စာကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောင်းဂေါပကအဖွဲ့နာယက ဦးချစ်လှိုင်နှင့် ကျောက်စာအလှူရှင် ဒေါ်ခင်လှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အသောကာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်က ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းတိုက်တည်စိန်ရတုနှင့် အသောကာရုံကျောင်းတိုက် လက်ရှိ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ၏ သက်တော်(၉၀)ပြည့် ဝိဇာတမင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတိ

၁။ လေပေါင် (၁၀၀)မှ (၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့် နားများအားထိုးမိပါက မျက်လုံးနှင့်နားကန်းနိုင်ခြင်း စသည့် အန္တရာယ်များဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်သည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်းသာ ရေပက်ကစားရန်နှင့် ညနေ ၆ နာရီ နောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။

၃။ တားမြစ်ချက်ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ဓာတ်အားခွဲရုံများ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ 230/66/11 KV (100) MVA စစ်တောင်း ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းခွဲရုံ Control Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သထုံမြို့၌ သထုံခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့ကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ရှိ မော်လမြိုင်ဓာတ်အားပေးစက်ရုံ (ငန်းတေး) စက်ရုံဝင်းအတွင်းရှိ ၆၆/၁၁ ကေဗွီ (၂၄)အမ်ဗွီအေဓာတ်အားခွဲရုံနှင့် Control Room တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညနေပိုင်းတွင် 230/66/11 KV (100) MVA မော်လမြိုင် ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားခွဲရုံ အဝင်လမ်းဖောက်လုပ်နေမှုကို လည်းကောင်း၊ သံဖြူဇရပ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး ရုံးဝင်း၌ ထရန်စဖော်မာ တပ်ဆင်ထားရှိမှု၊ ဓာတ်အားထုတ်လွှတ်ဖြန့်ဖြူးပေးနေမှုကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၈ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ ဆောင်၌ ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားကာ ညနေပိုင်းတွင် သထုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ကျိုက်လတ်မြို့ အနီးရှိ မအူပင်-ကျိုက်လတ်လမ်းခွဲမှ ပေါ်တော်မူဘုရားအထိ အရှည် ၂ ဒသမ ၂ မိုင်ရှိ ကျောက်လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မွန်းလွဲပိုင်းတွင် မအူပင်မြို့ရှိ 230 KV မအူပင် ဓာတ်အားခွဲရုံသစ် တည်ဆောက်မည့် မြေနေရာနှင့် 33/11 KV (5) MVA မအူပင်ဓာတ်အားခွဲရုံတို့ကိုလည်းကောင်း၊ မအူပင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၌ မအူပင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် မောင်းမကန် ကမ်းသာလမ်း ကွန်ကရစ်လမ်း ထပ်ပိုးလွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လမ်းသစ်ပြုပြင် ထိန်းသိမ်းမှု လုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ယမန်နေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မောင်းမကန် ကမ်းသာလမ်း ကွန်ကရစ်လမ်းချော ထပ်ပိုးခင်းခြင်းလုပ်ငန်းပြီးစီးမှု၊ ဧရာဝဏ်လမ်း အဆင့်မြှင့်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ အမှတ်(၅၄) ရပ်ကွက်ရှိ ရေပေးဝေရေးစခန်းအမှတ် (၂)၌ မြို့နယ်အတွင်း သောက်သုံးရေ ဖြန့်ဝေပေးနေမှုနှင့် အမှတ်(၂) လမ်းမကြီး ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်သည် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းနှင့် အနံ့လုပ်ငန်းများ စီမံကိန်းဇုန်သို့ ရောက်ရှိပြီး ဇုန်အတွင်း လုပ်ငန်းရှင်များ ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဒေးဇတ်-သရက်ပင်ချောင် ကူးတို့ဆိပ်ကမ်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေပိုက်လိုင်း သွယ်တန်း

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အေးသာယာမြို့ မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် အမှတ်(၅၊ ၆၊ ၇၊ ၈၊ ၉)ရပ်ကွက်များအတွင်း ရေပိုက်လိုင်းများ တပ်ဆင်သွယ်တန်းမှု လုပ်ငန်းများကို တာဝန်ရှိသူများ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၄-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	ခါသင်္ကြန်အဆိုအကများ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၆။	မျိုးချစ်တပ်မတော်
၄း၂၀	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၅	၈။	အင်္ဂလိပ်စာသုတ
၄း၅၅	၉။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၁၀။	ရန်သူမီး
၅း၁၀	၁၁။	ခါသင်္ကြန်အဆိုအကများ
၅း၃၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၃၂)**
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၁၅	၁၅။	ဘောလုံးဟာသနှင့်ဂန္ထဝင်ဂိုး (၅၀၀)
၆း၂၅	၁၆။	ခါသင်္ကြန်အဆိုအကများ
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၇၅)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဦးတည်ချက်(၁၂)ရပ်
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	မွေးမြူသုတ
	၂၄။	ဟာသရုပ်စုံ
	၂၅။	သီချင်းလက်ဆောင်
	၂၆။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၄)**
	၂၈။	Mini Series
	၂၉။	သင့်အတွက်မနက်ဖြန်
	၃၀။	အပိတ်နှုတ်ဆက်စကား
	၃၁။	ပြီးပါပြီ။

ဝန်ကြီး ဦးအောင်ကြည်အား UNICEF မှ ဌာနေကိုယ်စားလှယ်နှင့် IOM မှ အဖွဲ့ခေါင်းဆောင်တို့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား UNICEF မှ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် ယနေ့မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ International Organization for Migration (IOM) Myanmar မှ Chief of Mission Ms. Mariko Miyamoto နှင့် အဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ယင်းသို့တွေ့ဆုံကြရာ၌ UNICEF အနေဖြင့် "ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအဖြစ် မိသားစုပုံသဏ္ဌာန်ဖွဲ့စည်းထားသည့် နေအိမ်" (Group Home Project) ဆောင်ရွက်မှုနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခဲ့သည့် ကိစ္စရပ်များကို လည်းကောင်း၊ IOM အနေဖြင့် လူကုန်ကူးမှုခံရသူများအား ပြန်လည်ပို့ဆောင်ရေး၊ မိဘထံပြန်လည်အပ်နှံရေး၊ မိသားစု ပေါင်းစည်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား UNICEF မှ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၄-၂၀၁၁(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ ၈။ ခါသကြိန်အဆိုအကများ
- ၈း၃၀ ၉။ "စီးဆင်းပါစေမေတ္တာရေ"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ ခါသကြိန်အဆိုအကများ
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ကြေးမုံရိပ်သွင်တေးနှုယဉ်
- ၄း၂၀ ၃။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၄း၃၀ ၄။ ခါသကြိန်အဆိုအကများ
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ ခါသကြိန်အဆိုအကများ
- ၅း၂၅ ၈။ "မီဒီယာစုံလင်ပြည်တစ်ခွင် ကြားမြင်သိပေးပြန်ကြားရေး"
- ၅း၄၀ ၉။ ခါသကြိန်အဆိုအကများ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၀ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ"(ဒုတိယတွဲ) (အပိုင်း-၂၄)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ရယ်စရာဟာသများ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာ အိပ်မက်ကမ္ဘာ"(အပိုင်း-၁၉)**
- ၂၀။ အစီအစဉ်ပြီး၏။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းတို့ထံ တာလေမြို့မှ လျှင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို ရောဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော် ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရောဝတီဖောင်ဒေးရှင်းက ငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေများ လှူဒါန်း

ရန်ကုန် ဧပြီ ၁၁

ဧရာဝတီဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေမြို့မှ ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဂျပန်နိုင်ငံမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အလုံလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဂျပန်နိုင်ငံမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်တို့ထံသို့ လည်းကောင်း၊ တာလေမြို့မှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းတို့ထံသို့ လည်းကောင်း ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်က ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းသည် ယနေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းများကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူရန်၊ ကချင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရ၊ တပ်မတော်၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ရန်၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်လာစေရေး၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၊ သတ်မှတ်သည့် အခွန်အကောက်များ ပြည့်စုံစွာ ကောက်ခံရရှိရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ဌာနဆိုင်ရာများက မိမိဆောင်ရွက်ရမည့်လုပ်ငန်းများ တင်ပြဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျန်းမာရေးဝန်ကြီးနှင့် ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ တွေ့ဆုံပွဲကို ဧပြီ ၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး အဖွင့်အမှာစကားပြောကြားစဉ်။

(တိုင်းဒေသကြီး/ကျန်းမာရေး)

အနုပညာရုပ်ရှင်

အဲလီဇဘတ်တေလာ၏ လက်ဝတ်ရတနာများ လေလံတင်ရောင်းချမည်

ဝါရှင်တန် ဧပြီ ၁၁

ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးကြီး အဲလီဇဘတ်တေလာ၏ လက်ဝတ်ရတနာများ၊ အနုပညာပစ္စည်းများ၊ အဝတ်အစားများနှင့် အမှတ်တရပစ္စည်းများကို လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ခရစ္စတီ လေလံရောင်းချရေးဌာနက ထုတ်ဖော်ပြောကြားသည်။ လွန်ခဲ့သည့်လက တေလာသည် နှလုံးသွေးကြောကျဉ်းရောဂါခံစားရပြီး အသက် (၇၉)နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့သည်။

ခရစ္စတီ လေလံရောင်းချရေးဌာနက ယင်းပစ္စည်းများကို လေလံတင်ရောင်းချရန် တေလာ၏ မိသားစုနှင့် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်းနှင့် ရောင်းချမည့် လေလံပစ္စည်းများကို ယခုနှစ် နွေဦးရာသီတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း စနေနေ့က ထုတ်ဖော်ပြောဆိုသည်။

တေလာသည် ကမ္ဘာ့စိတ်ဝင်စားစရာအကောင်းဆုံး လက်ဝတ်ရတနာ အမြောက်အမြား စုဆောင်းသူတစ်ဦးဖြစ်ပြီး ၂၀၀၂ ခုနှစ်က "My Love Affair With Jewelry" စာအုပ်ကိုလည်း ရေးသားထုတ်ဝေခဲ့သည်။ ***အေအက်ဖ်ပီ။***

အေဝမ်းစိုး

လာထားအာဘွား မြန်မာဟာသဇာတ်ကားမှ နေတိုးနှင့် သက်မွန်မြင့်။

လာထားအာဘွား မြန်မာရုပ်ရှင်ဇာတ်ကား နှစ်ဆန်းတစ်ရက်နေ့ ဆက်လက်ပြသမည်

ရန်ကုန် ဧပြီ ၁၁

ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်နေ့)တွင် ရန်ကုန်မြို့လယ်ရုံများဖြစ်သည့် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ကမ်းထရီးစတား ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ ကိုဇော်(အရှက်ဦး)တာဝန်ယူရိုက်ကူးပြီး နေတိုး၊ ရန်အောင်(နှစ်ကိုယ်ခွဲ) ဝေဠုကျော်၊ နန္ဒ၊ သက်မွန်မြင့်နှင့် ခရစ္စတီးနားတို့ ခေါင်းဆောင်ပါဝင်သည့် **လာထားအာဘွား** မြန်မာဟာသဇာတ်ကားပင် ဆက်လက်ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေ့ဆောင်ရုံတွင် ကမ္ဘာမြေအား ကျူးကျော်လာသည့် ဂြိုဟ်သားများအား ခုခံတွန်းလှန်ပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော WORLD INVASIONS BATTLE LOSANGELES ဇာတ်ကြမ်းကား ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် အစွန်းရောက်ဘာသာရေးအုပ်စု၏ လက်တွင်းမှ မြေးဖြစ်သူအား ကယ်ဆယ်လိုသော ထောင်ပြေးတစ်ဦး၏ဘဝကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် DRIVEANGRY စွန့်စားမှုအသားပေး ဇာတ်ကားပြသမည်ဖြစ်သည်။ ဤဇာတ်ကားတွင် ပရိသတ်အကြိုက် ဟောလီးဝုဒ်မင်းသား နီကိုလတ်ကေ့ဂ်ျ ပါဝင်သရုပ်ဆောင်ထားသည်။

နှစ်ဖက်ဘိုးဘွား မိဘများအားဦးထိပ်ထား၍ တိုက်(ဂျီ/၆)ရွှေယင်းမာလမ်း ရွှေပိတောက်ရိပ်မွန် ကမာရွတ်မြို့နယ် ရန်ကုန်မြို့နေ ဦးသိန်းချို-(ဒေါ်ခင်ခင်မာ) မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာကုဋီတစ်ခန်းနှင့် သံဃာရေချိုးခန်း တစ်ခန်းအတွက် အလှူငွေကျပ် ၂၅ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

နိုက်ထရိုဂျင်ညစ်ညမ်းမှုများအတွက် နှစ်စဉ်ပေါင်ငွေ ၂၈၀ ဘီလီယံကျော် ဥရောပတိုက်သုံးစွဲနေရ

လန်ဒန် ဧပြီ ၁၁

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မော်တော်ယာဉ်သုံးစွဲမှုနှင့် အညစ်အကြေးသန့်စင်မှုလုပ်ငန်းများကို အကြောင်းပြု ဖြစ်ပေါ်သော နိုက်ထရိုဂျင်ညစ်ညမ်းမှုကြောင့် ဥရောပတိုက်သည် တစ်နှစ်လျှင် ပေါင်စတာလင် ၂၈၀ ဘီလီယံ ဆုံးရှုံးနစ်နာရကြောင်း ဧပြီ ၁၁ ရက် သတင်းများတွင် ဖော်ပြသည်။

သဘာဝပတ်ဝန်းကျင်ကို ပြန်လည်တုံ့ပြန်နိုင်စွမ်းရှိ နိုက်ထရိုဂျင်ဒြပ်ပေါင်းများသည် လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေပြီး ရာသီဥတုပြောင်းလဲမှုကိုလည်း ပိုမိုဖြစ်ပေါ်စေတတ်ကြောင်း ဥရောပတိုက်တစ်ဝန်းမှ ကျွမ်းကျင်သူ ၂၀၀ ကျော် စုပေါင်းပြုစုသော လေ့လာချက်တွင်ဖော်ပြသည်။

နိုက်ထရိုဂျင်ညစ်ညမ်းမှု၏ အကျိုးဆက်ကြောင့် ဥရောပတိုက်၌ နေထိုင်သူများ၏ သက်တမ်းသည် ပျမ်းမျှအားဖြင့် ခြောက်လမျှလျော့သွားနိုင်ကြောင်း အစီရင်ခံစာ၌ ခန့်မှန်းတွက်ချက်ထားသည်။

တဖြည်းဖြည်းများပြားလာသော ကမ္ဘာ့လူဦးရေကို စားနပ်ရိက္ခာအလုံအလောက် ထောက်ပံ့နိုင်ရန် စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်ရာ၌ နိုက်ထရိုဂျင်ကို ဓာတ်မြေဩဇာအဖြစ် သုံးစွဲကြရကြောင်း သုတေသနအစီရင်ခံစာကို ပြုစုခဲ့သော သိပ္ပံပညာရှင်များက ဆိုသည်။

သို့ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကြောင့်ဖြစ်ရသော နိုက်ထရိုဂျင်ညစ်ညမ်းမှုကို အသားလျှော့စားကြခြင်းဖြင့် လျှော့ချနိုင်ကြောင်း ၎င်းတို့ကအကြံပြုသည်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းသည် နိုက်ထရိုဂျင်ညစ်ညမ်းမှု၏ အဓိကအကြောင်းတရားများတွင် ပါဝင်သည်။

ရေထု၊ လေထုနှင့် မြေဆီလွှာအတွင်း နိုက်ထရိုဂျင်ညစ်ညမ်းမှုဖြစ်ပေါ်ခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထွက်ပေါ်မှုတိုးမြင့်လာခြင်းနှင့် သဘာဝသားရိုင်းတိရစ္ဆာန်များ ထိခိုက်ပျက်စီးရမှုများအတွက် ဥရောပတိုက်သည် နှစ်စဉ် ပေါင်စတာလင် ၆၂ ဘီလီယံနှင့် ၂၈၂ ဘီလီယံအကြားကျခံသုံးစွဲနေရသည်။

လေထုအတွင်း နိုက်ထရိုဂျင်ညစ်ညမ်းမှု ဖြစ်ပေါ်ပါက လူတို့အနေဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများနှင့် ကင်ဆာရောဂါများခံစားရမည်ဖြစ်ပြီး ရေထုအတွင်း ဖြစ်ပေါ်ပါက လူသားတို့၏ကျန်းမာရေးကို ထိခိုက်စေပြီး သားရိုင်းတိရစ္ဆာန်တို့ကိုလည်း ထိခိုက်ပျက်စီးမှုဖြစ်ပေါ်စေမည်ဖြစ်သည်။

အင်တာနက်။

အစည်းအဝေးကျင်းပစဉ် အပြာဓာတ်လမ်းကြည့်သူ အင်ဒိုလွှတ်တော်အမတ် ရာထူးမှနုတ်ထွက်

ဂျကာတာ ဧပြီ ၁၁

ပါလီမန်လွှတ်တော်အစည်းအဝေးတစ်ရပ် ကျင်းပစဉ်အတွင်း အပြာဇာတ်လမ်းများကွန်ပျူတာဖြင့် ခိုးကြည့်နေသည်ကို လူမိခဲ့သည့် အင်ဒိုနီးရှားလွှတ်တော်အမတ်တစ်ဦးသည် ၎င်း၏ရာထူးမှ နုတ်ထွက်သွားကြောင်း ယနေ့သတင်းများတွင်ဖော်ပြသည်။

လွှတ်တော်၌အစည်းအဝေးကျင်းပစဉ် အာရီဖင်တိုအမည်ရှိ လွှတ်တော်အမတ်သည် ကွန်ပျူတာဖြင့် အပြာဇာတ်လမ်းကြည့်ရှုနေသည်ကို ဓာတ်ပုံဖြင့် မှတ်တမ်းတင်နိုင်ခဲ့ခြင်းကြောင့် မွတ်စလင်ဘာသာဝင်အများစုနေထိုင်ရာ အင်ဒိုနီးရှားနိုင်ငံ၌ အထိတ်တလန့် ဖြစ်ခဲ့ကြရသည်။

အင်ဒိုနီးရှားလွှတ်တော်အမတ် အာရီဖင်တိုသည် ရှေးရိုးစွဲအစ္စလာမ့်ပါတီတစ်ခုမှဖြစ်ပြီး ၎င်းကိုယ်တိုင်သည် လိင်စိတ်နိုးကြွစေသောဖျော်ဖြေရေးကဏ္ဍများ တားမြစ်ရေးဥပဒေ ပြဋ္ဌာန်းရာတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။

အဆိုပါဥပဒေသည် ၂၀၀၈ ခုနှစ်မှစတင်၍ အာဏာသက်ဝင်ခဲ့သော်လည်း ရေးဆွဲရာတွင် ဝေါဟာရများ ဝေ့လည်ကြောင်ပတ်ဖြစ်နေပြီး ပြစ်ဒဏ်များမှာလည်း ပြင်းထန်ကြောင်း ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။

အသက် ၅၀ အရွယ်ရှိ အင်ဒိုနီးရှားပါလီမန်လွှတ်တော်အမတ် အာရီဖင်တိုက ၎င်းလုပ်ဆောင်ခဲ့သည့်အမှုအတွက် လုပ်ဖော်ကိုင်ဖက်များကို တနင်္လာနေ့က တောင်းပန်ခဲ့ပြီး ရာထူးမှလည်း နုတ်ထွက်ရန်ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

လူ့အခွင့်အရေးပြဿနာတင်ကူးဆုံးဖြတ်မှုများ မလုပ်ရန်အမေရိကန်ကို တရုတ်သတိပေး

ပေကျင်း ဧပြီ ၁၁

တရုတ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ထားသော အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်စဉ်လူ့အခွင့်အရေးအစီရင်ခံစာကို တရုတ်နိုင်ငံက ပြင်းထန်စွာ ဝေဖန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

တရုတ်နှင့် အမေရိကန်ပြည်ထောင်စုအကြား လူ့အခွင့်အရေးပြဿနာကို ဆွေးနွေးရန်လိုအပ်သော်လည်း တရုတ်ပြည်တွင်းရေးကို စွက်ဖက်ရန် လူ့အခွင့်အရေးပြဿနာကို ကိုင်စွဲထားရန် မလိုအပ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမေရိကန်နိုင်ငံအနေဖြင့် မိမိပြည်တွင်းလူ့အခွင့်အရေးပြဿနာများကိုသာ အာရုံစိုက်ရန်လိုအပ်ပြီး သူတစ်ပါးနိုင်ငံများအတွက် လူ့အခွင့်ရေးပြဿနာဆိုင်ရာကြိုတင်သုံးသပ်ချက်များ ထုတ်ပြန်ခြင်းမပြုသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ် ဟောင်လီက ပြောကြားသည်။

အခြေခံလူ့အခွင့်အရေးကို ကာကွယ်နိုင်ရန်တရုတ်အစိုးရက ကြိုးပမ်းလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တဖြည်းဖြည်းရောက်ရှိလျက်ရှိပြီး လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်အတွက် တရားဥပဒေပိုမိုခိုင်မာစေရေးကြိုးပမ်းလျက်ရှိကြောင်း ဟောင်လီကပြောကြားသည်။

အင်တာနက်။

အမေရိကန်ကလေးငယ် အများအပြား ဆင်းရဲသည့်ဘဝတွင် နေထိုင်ကြရ

ပေကျင်း ဧပြီ ၁၁

အမေရိကန်ပြည်ထောင်စုရှိ ကလေးငယ်အများအပြားတို့မှာ ဆင်းရဲသည့်အခြေအနေတွင် ရှင်သန်နေထိုင်ကြရကြောင်း၊ ယင်းအနက် လေးပုံတစ်ပုံခန့်တို့မှာ ငတ်မွတ်ခေါင်းပါးမှုနှင့်အတူ ဘဝကို ရုန်းကန်နေကြရသည့်အတွက် ၎င်းတို့၏ စိတ်ပိုင်းဘဝနှင့် ရုပ်ပိုင်းဘဝ ကျန်းမာရေးတို့မှာ ရေရာမှုမရှိကြောင်း တရုတ်နိုင်ငံက ထုတ်ပြန်သည့် အမေရိကန်လူ့အခွင့်အရေးမှတ်တမ်းတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ထုတ်ပြန်သည့် ၂၀၁၀ ပြည့်နှစ်အတွက် လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ၏ ပြန်ကြားရေးရုံးက တုံ့ပြန်သည့်အနေဖြင့် ထုတ်ဝေသည့် ၂၀၁၀ ပြည့်နှစ် အမေရိကန်ပြည်ထောင်စု၏ လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းများတွင် အထက်ပါအတိုင်း ဖော်ပြလိုက်ခြင်းဖြစ်သည်။

အသက် (၁၈)နှစ်အောက် အမေရိကန်ကလေးများအကြား ဆင်းရဲမွဲတေမှုတိုးပွားလာခဲ့ရာ ၂၀၀၉ ခုနှစ်တွင် ၂၀ ဒသမ ၇ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ယင်းအခြေအနေမှာ ၂၀၀၈ ခုနှစ်ကထက် ၁ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုများပြားလာခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်းဗျူရို၏ ကိန်းဂဏန်းများကို ကိုးကား၍ အထက်ပါမှတ်တမ်းတွင် ဖော်ပြထားသည်။

ကလေးငယ်များအပေါ် အကြမ်းဖက်မှုများလည်း ကြောက်ခမန်းလိလိ များပြားလာနေကြောင်း မှတ်တမ်းတွင် ထောက်ပြထားပြီး ၇၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအကြားရှိ ကလေးငယ်များမှာ လိင်မှုဆိုင်ရာအကြမ်းဖက်မှု၊ လျစ်လျူရှုခံထားရမှု စသည်တို့အပါအဝင် ကိုယ်ရောစိတ်ပါ ဒုက္ခခံစားရသည့် အတွေ့အကြုံတစ်ခု အနည်းဆုံးကြုံတွေ့ခဲ့ကြရသည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆူနာမီရိုက်ခတ်မှု တစ်လပြည့်အထိမ်းအမှတ်ပွဲ၌ ပါဝင်ဆုတောင်းနေသော ဂျပန်နိုင်ငံသားများကို ဧပြီ ၁၁ ရက်က တွေ့ရစဉ်။

ဂျပန်နိုင်ငံ၌ ဆူနာမီရိုက်ခတ်မှုတစ်လပြည့် အထိမ်းအမှတ်ပွဲပြုလုပ်

ဖူကူရှီးမား ဧပြီ ၁၁

လူပေါင်း ၂၅၀၀၀ ကျော် သေဆုံးခဲ့ရပြီး ၁၉၈၆ ခုနှစ် နောက်ပိုင်း ကမ္ဘာ့အဆိုးရွားဆုံးနျူကလီးယားကပ်ဘေးကို ဖြစ်ပေါ်စေခဲ့သော ဆူနာမီရေလှိုင်းရိုက်ခတ်မှု တစ်လပြည့်အထိမ်းအမှတ်ကို ဂျပန်နိုင်ငံ အရှေ့မြောက်ကမ်းရိုးတန်းဒေသတစ်ဝန်း ဧပြီ ၁၁ ရက်က ပြုလုပ်ခဲ့ကြသည်။

ဆူနာမီရေလှိုင်းရိုက်ခတ်မှုတစ်လပြည့်အထိမ်းအမှတ်ပွဲ၌ ကြေကွဲဝမ်းနည်းမှုကို ဖော်ပြသည့်အနေဖြင့် ဥဩများဆွဲခဲ့ကြပြီး ငလျင်နှင့် ဆူနာမီကပ်ဘေးအတွင်း သေဆုံးခဲ့ရသူများအတွက် ဦးညွှတ်ငြိမ်သက်၍ ဆုတောင်းခဲ့ကြသည်။

မတ် ၁၁ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားရစ်ချ်တာစကေး ၉ ဒသမ သုညအဆင့်ရှိ ငလျင်နှင့် အတူ ဖြစ်ပေါ်လာသော ဆူနာမီအန္တရာယ်ကို အပြင်းအထန်ခံစားခဲ့ရသည့် မြို့များ၌ လူများသည် ကပ်ဘေးစတင်ဖြစ်ပွားသည့်အချိန် မွန်းလွဲ ၂ နာရီ ၄၆ မိနစ်တွင် စုရုံးခဲ့ကြပြီး ဝမ်းနည်းမှုအထိမ်းအမှတ်ပွဲ၌ ပါဝင်ခဲ့ကြသည်။

ငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်ကြောင့် မိုင်ရာပေါင်းများစွာ ရှည်လျားသော ဂျပန်နိုင်ငံအရှေ့မြောက်ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ လူနေဒေသများပျက်စီးခဲ့ရသည်။ ကပ်ဘေးအတွင်း သေဆုံးခဲ့သူထောင်ပေါင်းများစွာတို့၏ ရုပ်အလောင်းများကိုလည်း ဆက်လက်ရှာဖွေနေရဆဲဖြစ်သည်။

ဂျပန်နိုင်ငံသား ၁၅၀၀၀၀ ကျော်တို့မှာ ခိုလှုံရေးစခန်းများ၌ နေထိုင်နေရဆဲဖြစ်ပြီး ဆူနာမီလှိုင်းဒဏ်ခံခဲ့ရသော ဖူကူရှီးမား ဒိုင်အိချိနျူကလီးယားစက်ရုံမှလည်း ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များ ပေါ်ထွက်ဆဲဖြစ်သည်။

ငလျင်နှင့် ဆူနာမီဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာဘီလီယံ ၃၁၀ မျှရှိကြောင်း ဂျပန်အစိုးရက ခန့်မှန်းတွက်ချက်ထားသည်။

အေပီ။

ဟားမားစ်နှင့် အပစ်အခတ်ရပ်စဲရန်ကြိုးပမ်းမှုသည် အမှားကြီးတစ်ရပ်သာဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ပြောကြား

ဂျေရုဆလင် ဧပြီ ၁၁

အစ္စရေးနိုင်ငံအနေဖြင့် ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ထားသော ဟားမားစ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲမှုပြုလုပ်ရမည့်အစား ဟားမားစ်အုပ်ချုပ်ရေးကို ဂါဇာဒေသမှဖယ်ရှားရန် လုပ်ဆောင်သင့်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အဗစ်ဒေါလီဘာမင်က တနင်္လာနေ့တွင် ပြောကြားသည်။

အစ္စရေးနှင့် ဂါဇာနယ်စပ်တစ်လျှောက် အသင့်နေရာယူထားသော အစ္စရေးတပ်ဖွဲ့ဝင်များ။

ဟားမားစ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးလုပ်ဆောင်၍ ဒေသတွင်းငြိမ်သက်မှုကို ရရှိရန်ကြိုးပမ်းခြင်းသည် အစ္စရေးနိုင်ငံအတွက်အမှားကြီးမှားကြောင်း၊ အပစ်အခတ်ရပ်စဲမှုကို အခွင့်ကောင်းယူ၍ဟားမားစ်အဖွဲ့သည် ဟစ်ဇ်ဘိုလာအဖွဲ့၏ အကူအညီဖြင့် အင်အားစုဆောင်းနိုင်လိမ့်မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် ၂၀၀၆ ခုနှစ်အတွင်းအစ္စရေးနိုင်ငံနှင့် စစ်မက်ဖြစ်ပွားခဲ့သော လက်ဘနွန်အခြေစိုက်စစ်သွေးကြွအုပ်စုဖြစ်သည်။ ဒေသတွင်းငြိမ်သက်မှုရရှိစေရေးအတွက် ဂါဇာကမ်းမြောင်ဒေသထိန်းချုပ်ခွင့်အာဏာကို ဟားမားစ်အုပ်စုလက်လွှတ်စေရန် ဖိအားပေးလုပ်ဆောင်ရန်လိုကြောင်း အမျိုးသားရေးဝါဒ လွန်ကဲသော အစ္စရေးနိုင်ငံရေးပါတီတစ်ခုကို ဦးဆောင်နေသူ နိုင်ငံခြားရေးဝန်ကြီး လီဘာမင်က ဆိုသည်။

ဒေသတွင်းစစ်မက်ဖြစ်ပွားနိုင်သည့် အခြေအနေကို ရှောင်လွှဲရန် အစ္စရေးနှင့်ဟားမားစ်တို့က ကြိုးပမ်းလျက်ရှိပြီး အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်များကို အပြန်အလှန်ကမ်းလှမ်းထားကြသည်။

ဧပြီ ၆ ရက်မှစ၍ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများ ရက်ပေါင်းများစွာဖြစ်ပွားခဲ့ပြီးနောက် အစ္စရေးနှင့် ဟားမားစ်အုပ်စုတို့သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို တနင်္လာနေ့တွင် စတင်အကောင်အထည်ဖော်နိုင်ဖွယ်ရှိသည်။

အေအက်ဖ်ပီ။

ငါးလုပ်ငန်းသင်တန်းကျောင်း စစ်ဆေး၊ လေဘေးသင့် ရေလုပ်သားများအား ဒုတိယဝန်ကြီး ဦးခင်မောင်အေး ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

ရန်ကုန် ဧပြီ ၁၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဧပြီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီးသို့ သွားရောက်၍ လေဘေးသင့် ရေလုပ်သားများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ရှေးဦးစွာ ဖျာပုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း (အောက်မြန်မာပြည်)ကို စစ်ဆေးပြီး ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန၌ ကမ်းနီး၊ ကမ်းဝေး လုပ်ငန်းရှင်များ၊ အမာမြို့နယ် နောက်မီးကျေးရွာ၌ ဒေသခံရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအားတွေ့ဆုံ၍ ငါးဖမ်းရာသီချိန်မီလုပ်ငန်းများဆောင်ရွက်နိုင်ရေး မှာကြားသည်။

ထို့နောက် နောက်မီးကျေးရွာမှ ဦးသန်းထွန်း၏ ငါးပိ၊ ငါးခြောက်နှင့်ငံပြာရည် စက်ရုံလုပ်ငန်းများနှင့် ဘိုးဘာကုန်း၊ ရေကျော်သိုင်း၊ ချောင်းလေးအင်း၏ အင်းရာသီ သိမ်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရာသီဥတု အစီရင်ခံစာရေးဆွဲရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရာသီဥတုအစီရင်ခံစာရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ Micasa Hotel ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်လျက် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုအား လိုက်လျောညီထွေစွာ ပြုမူဆောင်ရွက်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာ အစီရင်ခံစာရေးဆွဲရေးစီမံချက်ကို ပြုစုတင်သွင်းရန်ကနဦးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ Micasa Hotel ၌ ကျင်းပရာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ငွေက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အစီရင်ခံစာ ရေးဆွဲရေးစီမံချက်ကို မြန်မာနိုင်ငံမှ ဆောင်ရွက်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၊ ဇီဝမျိုးစုံမျိုးကွဲကဏ္ဍ၊ ရေအရင်းအမြစ်ကဏ္ဍ၊ စွမ်းအင်၊ ပို့ဆောင်ရေးနှင့် စက်မှုဆိုင်ရာကဏ္ဍ၊ ကမ်းရိုးတန်းဇုန်များဆိုင်ရာကဏ္ဍနှင့် လူထုကျန်းမာရေးကဏ္ဍတို့အပေါ် သက်ရောက်မှုများကို စနစ်တကျတိုင်းတာတွက်ချက်နိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုလျော့ပါးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေး၍ အကြံပြုတင်ပြနိုင်ခြင်း၊ ပြောင်းလဲလာသော ရာသီဥတုအခြေအနေများနှင့် လိုက်လျောညီထွေ ပြုမူနေထိုင်နိုင်ရန် နည်းလမ်းများကို ဖော်ထုတ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

ပညာရောင်ခြည်စာကြည့်တိုက်သို့ သုတ၊ရသစာအုပ်များလှူဒါန်း

ပခုက္ကူ ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဦးဆောင်၍ စေတနာရှင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ပခုက္ကူမြို့နယ် မြောက်လူးကန်ကျေးရွာ အမှတ်(၁၃) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပညာရောင်ခြည်စာကြည့်တိုက်သို့ ဖေဖော်ဝါရီ ၂၆ ရက်က သုတ၊ ရသ၊စာအုပ်များ၊ သတင်းဂျာနယ်များ သွားရောက်လှူဒါန်းသည်။ ယင်းနောက် အလှူရှင်များနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တို့က စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ ရပ်ရွာကျန်းမာရေးနှင့် စာပေရေးရာကိစ္စရပ်များအား ဟောပြောကြပြီး စာကြည့်တိုက်မှူးက ကျေးဇူးတင်စကားပြောကြားသည်။ **(အပေါ်ပုံ)**

(၅၇၁)

ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် တတိယနှစ်ပတ်လည်အထိမ်းအမှတ် ကျင်းပ

ဖျာပုံ ဧပြီ ၁၁

ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၏ တတိယနှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၃ ရက် ည ၇ နာရီတွင် စာကြည့်တိုက်ရှေ့ ရင်ပြင်၌ ကျင်းပရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်(ဖိုးအောင်လေး)က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖျာပုံမြို့နယ်အတွင်း မြန်မာဘာသာ ဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးတို့အား ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၏ မြန်မာစာဂုဏ်ထူးဆုများကို တတိယအကြိမ် ပေးအပ်ချီးမြှင့်ခြင်း၊ အပတ်စဉ်၊ လစဉ် စာနယ်ဇင်းအလှူရှင်များနှင့် ထာဝရငွေပဒေသာပင် အလှူရှင်များကို ဂုဏ်ပြုလက်မှတ်ပေးအပ်ခြင်း၊ စာကြည့်တိုက်တွင် အချိန်ပိုင်းလုပ်အားပေးခဲ့ကြသော စေတနာရှင်လူငယ်များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့သည်။**(အောက်ပုံ)**

(၁၆၈)

ခရိုင်ပြန်/ဆက်သို့ ရှေးဟောင်းပေစာထုပ်များ လာရောက်လှူဒါန်း

ရမည်းသင်း ဧပြီ ၁၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရန်အောင်မြင်ဘုရားကြီးတွင် သိမ်းဆည်းထားသည့် ရှေးဟောင်းပေစာထုပ်များအား လာရောက်လှူဒါန်းပွဲကို မတ် ၁၂ ရက် နံနက် ၁၀ နာရီခွဲက ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ဦးကျော်မြင့် (မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)က ပေစာထုပ်များ လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။

ထို့နောက် ဦးကျော်မြင့်(လွှတ်တော်ကိုယ်စားလှယ်)နှင့် ဦးပို့ဂွမ်း (ရန်အောင်မြင်ဘုရားဂေါပက) (ငွေသိမ်း)တို့က ရှေးဟောင်းပေစာထုပ် ၁၅၀ ခန့်ကိုပေးအပ်ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးချိမောင်က လက်ခံရယူပြီး ခရိုင်ပြန်/ဆက် ဦးစီးမှူးက ကျေးဇူးတင်စကား ပြောကြားကြောင်းသိရသည်။

(၁၁၅)

မြို့နယ်တစ်ခွင် သာယာစည်ပင်

လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက် အောင်မင်္ဂလာလမ်းနှင့် သဇင်လမ်းဆုံတွင် မိုးရာသီကာလအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် Culvert ပြုလုပ်နေစဉ်။

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့၏အဓိကလမ်းမကြီးများနှင့် လမ်းသွယ်များတွင် လမ်းမီးတိုင်များ မီးလင်းရေးအတွက် မတ် ၁၀ ရက်က ဆိုဒီယမ်မီးလုံး၊ မာကျူရီမီးလုံး၊ မီးချောင်းများ အစားထိုး လဲလှယ်ဆောင်ရွက်နေစဉ်။

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရန်ကုန်-ပြည်လမ်းဘေး မြသိန်းတန်ဘုရားရှေ့ သာယာလှပရေး မြေယာရှုခင်းအလှ ဆောင်ရွက်ထားမှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မတ် ၂ရက်က ရေနုတ်မြောင်းများအတွင်း အမှိုက်များ၊ နုန်းများဆယ်ယူရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးအောင်သက်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးမျိုးကြည်နှင့်အဖွဲ့ ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကျောက်တံတားအမှတ်(၄)အား ကွင်းဆင်းစစ်ဆေးစဉ်။

ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းပြီး ပျော်ရွှင်စွာ ဆင်နွှဲကြရမည့် သင်္ကြန်ပွဲတော်

ကျော်မင်းခေါင

ပန်းပိတောက်တို့ ရွှေရည်လူးလေပြီ။

နွေတမန်ရွှေဥဩကလည်း ပင်ယံမြင့်ဆီမှ လွမ်းမောဖွယ်ကူသံချိုချိုပေးလေပြီ။ တန်ခူးလ၏ ရာသီပန်းဖြစ်သော ကံ့ကော်ပန်းရနံ့တို့ကလည်း ဝန်းကျင်တိုင်းတွင် ကြိုကြိုသင်းလျက်ရှိသည်။ မကြာမီကာလအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကျင်းပကြတော့မည် ဖြစ်သည်။

မြန်မာတို့၏ (၁၂)လ ရာသီပွဲတော်များဖြစ်ကြသော တန်ခူးလ(အတာသင်္ကြန်ပွဲ)၊ ကဆုန်လ(ညောင်ရေသွန်းပွဲ)၊ နယုန်လ(စာပြန်ပွဲ)၊ ဝါဆိုလ (ရဟန်းခံရှင်ပြုပွဲ)၊ ဝါခေါင်လ (စာရေးတံမဲပွဲ)၊ တော်သလင်းလ(လှေပြိုင်ပွဲ)၊ သီတင်းကျွတ်လ (ဆီးမီးထွန်းပွဲ)၊ တန်ဆောင်မုန်းလ(ကထိန်ပွဲ)၊ နတ်တော်လ(စာဆိုပွဲ)၊ ပြာသိုလ(မြင်းခင်းပွဲ)၊ တပို့တွဲလ (ထမနဲထိုးပွဲ)၊ တပေါင်းလ(သဲပုံစေတီပွဲ) စသည့် ပွဲတော်များအနက် တန်ခူးလတွင် ကျင်းပသော နှစ်ကူးအတာသဘင်ပွဲတော်သည်ကား မြန်မာတို့အပျော်ရွှင်ဆုံး၊ အနှစ်သက်ဆုံး ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးတစ်ခုပင် ဖြစ်သည်။

မြန်မာမှန်လျှင် သင်္ကြန်ကို ချစ်သည်။ မြတ်နိုးသည်။ မြန်မာတိုင်းချစ်ကြည်မြတ်နိုးကြသော သင်္ကြန်ပွဲတော်ကြီးသည် ရည်ရွယ်ချက်အားဖြင့်လည်း လေးနက်မြင့်မားသည်။

သင်္ကြန်ပွဲတော် ကျင်းပသော ကာလသည် အပူရှိန်ပြင်းပြသော နွေကာလဖြစ်သည်။ နွေကာလ၏ ပြင်းပြသော အပူဒဏ်ကို အေးမြကြည်လင်သော အတာရေဖြင့် ဖျန်းပက်၍ အေးချမ်းလန်းဆန်းမှုကို ရရှိစေလိုခြင်း၊ နှစ်ဟောင်းက မကောင်းသော အတွေးအခေါ်၊ မကောင်းသော စိတ်ဆိုးစိတ်ညစ်တို့ကို သန့်စင်ကြည်လင်သော အတာရေဖြင့် ဆေးကြောသန့်စင်ပြီး နှစ်သစ်ဆီသို့ စိတ်သစ်လူသစ်ဖြင့် ရောက်ရှိစေလိုခြင်း စသည့်အချက်များသည် ရေသဘင်ပွဲတော်၏ လေးနက်မြင့်မားသော ရည်ရွယ်ချက် အနှစ်သာရများပင် ဖြစ်သည်။

သင်္ကြန်ပွဲတော်ကို ရှေးမြန်မာမင်းများလက်ထက် ပုဂံခေတ်ဦးမှ အစပြု၍ ကျင်းပလာခဲ့ကြရာ သိမ်မွေ့သော၊ ယဉ်ကျေးသော ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးတစ်ခုအဖြစ် အိမ်နီးချင်းနိုင်ငံများသို့တိုင် ထင်ရှားကျော်ကြားခဲ့သည်။ သင်္ကြန်ပွဲတော်သည် ပျော်ရွှင်မြူးထူးစရာ ပွဲတော်သက်သက်မဟုတ်ဘဲ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပြသသော ယဉ်ကျေးမှုပွဲတော်တစ်ခုလည်း ဖြစ်သည်။ သင်္ကြန်ပွဲတော်ကို ထိတွေ့သိမြင်ခဲ့ကြသော နိုင်ငံရပ်ခြားတိုင်းတစ်ပါးသားတို့ကပင် သင်္ကြန်ပွဲ၏ ယဉ်ကျေးမှုအလှကို လေးလေးစားစား မှတ်တမ်းပြုခဲ့ကြသည်။

ခရစ်သက္ကရာဇ် ၁၈၈၂ ခုနှစ်တွင် ထုတ်ဝေသော ကိုလိုနီအုပ်ချုပ်ရေးအရာရှိ ဆာဂျေ-ဂျော့စကော့ရေးသားသည့် မြန်မာနှင့် မြန်မာ့လူနေမှုဘဝမှတ်သားစရာများ စာအုပ်တွင် မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့သော သင်္ကြန်ပွဲတော်မြင်ကွင်းများကို စာရေးသူက တလေးတစား မှတ်တမ်းပြုရေးသားခဲ့သည်။ အလားတူ ၁၇၉၅ ခုနှစ်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော နယ်ချဲ့သံတမန်ကပ္ပတိန် မိုက်ကယ်ဆိုင်းကလည်း မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ဖျန်းကစားခြင်း၊ မေတ္တာအရင်းခံပြီး သန့်စင်စွာရေကစားခြင်းတို့မှာ မည်သည့်လူမျိုးနှင့်မျှမတူဘဲ အံ့ဩဖွယ်ထူးခြားလှသည်ဟူ၍ သူ၏မြန်မာပြည်ခရီးမှတ်တမ်းတွင် သင်္ကြန်ပုံရိပ်နှင့်ပတ်သက်၍ တခုတ်တရ မှတ်တမ်းပြုရေးသားခဲ့သည်။ ကဗျာစာဆိုဆရာဇော်ဂျီကလည်း ၎င်း၏တစ်ခုသော သင်္ကြန်အခါကဗျာ၌ ဒါနရိပ်လွှမ်းသော သင်္ကြန်ပွဲ၏ပုံရိပ်ကို "နှစ်သစ်ကူးတဲ့တန်ခူးခါမှာ ဒါနက တဝေဝေ၊ ရေတွေက တရွှဲရွှဲ၊ ပျော်ပွဲကတဝင့်ဝင့်၊ ကဲလို့သာဆင့်ရော၊ အရွယ်သင့်အရွယ်ငယ်၊ မြန်မာတွေထည်လိုက်ကြ"ဟူ၍ ထည့်သွင်းရေးစပ်ဖော်ပြခဲ့သည်။

နှစ်ပရိစ္ဆေဒများစွာကို ကျော်ဖြတ်လာခဲ့ပြီးနောက်ပိုင်းတွင်မူ သင်္ကြန်ပွဲတော်၌ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းမှုအပိုင်းတွင် အားနည်းလျော့ရဲလာခဲ့သည်။ မြတ်နိုးဂုဏ်ယူဖွယ် သင်္ကြန်အလှကို ရိုက်ချိုးဖျက်ဆီးသော ပုံရိပ်များသည် အကျည်းတန်စွာ ပေါ်ထွက်လာခဲ့သည်။ အထူးသဖြင့် ဝတ်စားဆင်ယင်မှုတွင် မြန်မာ့မျက်စိနှင့် မသင့်တော်သော လျှပ်ပေါ်လော်လီသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများနှင့် သင်္ကြန်ယဉ်ကျေးမှုကို ရိုက်ချိုးဖျက်ဆီးလာခဲ့ကြသည်။ ဤအမျိုးသမီးသည် မြန်မာအမျိုးသမီးမှ ဟုတ်ပါလေစဟူ၍ ထင်မှတ်မှားလောက်အောင် ရေသဘင်ပွဲဆင်နွှဲကြသည့် အမျိုးသမီးကြီး/ငယ်အချို့၏ ဝတ်စားဆင်ယင်မှုက ဟီရိဩတ္တပ္ပကင်းမဲ့လာခဲ့သည်။

မြန်မာတို့၏အမြင်တွင် မတင့်တယ်သည့် ကျားနှင့်မ နေထိုင်ပြုမူမှုများကို အများမြင်ကွင်းတွင် ပြုမူလာခဲ့ကြသည်။ ရေပက်ကစားရာတွင်လည်း သိမ်မွေ့အေးချမ်းသည့် မြန်မာ့မှု၊ မြန်မာ့ဟန်ကွယ်ပျောက်ပြီး သူတစ်ပါး ဒဏ်ရာအနာတရဖြစ်စေရန် ရေခဲထုပ်၊ ရေပူဖောင်းများဖြင့် ပစ်ပေါက်ရေကစားခြင်း၊ အားပြင်းလှသော ကွန်ပရက်ဆာရေပိုက်ကြီးများဖြင့် နားကွဲလုမတတ် ထိုးပက်ရေကစားခြင်းတို့ကို ပြုလုပ်လာခဲ့ကြသည်။ သို့အတွက် ထိုသို့ကြမ်းတမ်းရိုင်းပျစွာ ရေကစားကြသူများကို သက်ဆိုင်ရာမှ ဥပဒေဖြင့် ထိရောက်စွာအရေးယူမှုများပြုလုပ်ခဲ့ရသည်။ ထို့ကြောင့် ကြမ်းတမ်းရိုင်းပျစွာ ရေကစားမှုများ တဖြည်းဖြည်း ပပျောက်သွားခဲ့သော်လည်း ဝတ်စားဆင်ယင်မှုအပိုင်းတွင်ကား မြန်မာမပီသသည့် မြန်မာအချို့ကြောင့် မြန်မာတို့၏အမြင်တွင် မတင့်တယ်သည့် ဟီရိဩတ္တပ္ပကင်းမဲ့သော ဝတ်စားဆင်ယင်မှုများက ရေသဘင်ပွဲတွင် လွှမ်းမိုးလျက်ရှိဆဲပင်ဖြစ်သည်။ ဤသည်ကို တာဝန်ရှိသူတို့ကလည်း လိုအပ်သလို ထိန်းသိမ်းကြပ်မတ်ပြီး ကာယကံရှင်တို့ကလည်း ယဉ်ကျေးမှုကို လေးစားမြတ်နိုးသော အမျိုးသားရေးစိတ်ဓာတ်ဖြင့် ရှောင်ကြဉ်ကြမည်ဆိုလျှင် ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ အေးချမ်းသိမ်မွေ့သော မြန်မာ့ယဉ်ကျေးမှုပုံရိပ်များ ပိုမိုရှင်သန်လွှမ်းမိုးလာမည်ပင် ဖြစ်ပါသည်။

သင်္ကြန်ပွဲတော်သည် ပြည်ထောင်စုတစ်ဝန်းမှ တိုင်းရင်းသားသွေးချင်းအားလုံး ပျော်ရွှင်စွာ ဆင်နွှဲကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးဖြစ်သည်နှင့်အညီ တောင်ပေါ်မြေပြန့်အရပ်ရပ်မှ သွေးချင်းတို့၏ သင်္ကြန်ပွဲများသည်ကား ဒါနရိပ်၊ ကုသိုလ်ရိပ်များ လွှမ်းခြုံလျက် မြတ်နိုးဂုဏ်ယူဖွယ်ကောင်းလှပေသည်။ ရှမ်းတို့ဒေသ၌ဆိုလျှင် သင်္ကြန်ပွဲကာလများအတွင်း ရှမ်းအိုးစည်သံ ဗေထုံညံလျက် ဘုန်းတော်ကြီးကျောင်းများ၌ အလှူပွဲများ ခြိမ့်ခြိမ့်သဲသဲ ပြုလုပ်ကြသကဲ့သို့ မွန်တို့ဒေသ ကျေးလက်များမှ သင်္ကြန်ကာလတစ်လျှောက်လုံး ဖယောင်းနံ့သင်းသော မွန်ရိုးရာ သင်္ကြန်ထမင်းအလှူပွဲများသည်လည်း ဒါနရိပ်တဝေဝေနှင့် ကြည်နူးဖွယ်ပင်ဖြစ်သည်။ ရခိုင်တို့ဒေသ၌မူ မြို့လုံးကျွတ်၊ ရွာလုံးကျွတ် စီတန်းလှည့်လည်ပြီး နံ့သာရည်များ ယူဆောင်ကာ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ပူဇော်ပြီးမှ လောင်းလှေကြီးများဖြင့် ရေသဘင်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲကြပုံကလည်း ရိုးရာအစဉ်အလာမပျက် သင်္ကြန်ပွဲဆင်နွှဲကြခြင်းဖြစ်၍ ရခိုင်သွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းကြပုံကို လေးစားဂုဏ်ယူဖွယ်ပင်ဖြစ်သည်။

နိုင်ငံတော်အနေနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကို အမိနိုင်ငံတော်၏ ယဉ်ကျေးမှုပွဲတော်ကြီးတစ်ခုအဖြစ် သတ်မှတ်ပြီး ရည်ရွယ်ချက်မြင့်မားမွန်မြတ်စွာဖြင့် နှစ်စဉ်ဦးစီး ကျင်းပပေးလျက်ရှိသည်။ ယင်းရည်ရွယ်ချက်များမှာ (၁)မြန်မာ့ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ (၂) ပြည်သူများ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ (၃) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်နှင့် (၄) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်တို့ပင် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေနှင့် အများပြည်သူ၊ ဝန်ထမ်း၊ လုပ်သားတို့ နှစ်သစ်ကူးကာလတွင် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာနွှဲပျော်နိုင်ကြစေရန်နှင့် လွတ်လပ်ကြည်လင်စွာ ကောင်းမှုကုသိုလ်များ ပြုလုပ်နိုင်ကြစေရန်အတွက်လည်း နှစ်သစ်ကူးရုံးပိတ်ရက်ကာလကို ၁၀ ရက်အထိ တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။

ရှေးအစဉ်အဆက်မှစ၍ မျက်မှောက်ကာလတိုင်အောင် ရိုးရာမပျက်ကျင်းပလာခဲ့သော သင်္ကြန်ပွဲတော်သမိုင်းတစ်လျှောက်၌ ရက်စက်ကြမ်းကြုတ်သော ကြေကွဲဖွယ်ဖြစ်ရပ်ဆိုးကြီး တစ်ခုသည်ကား . . . ယမန်နှစ် ၂၀၁၀ ပြည့်နှစ် သင်္ကြန်ကာလက အရုပ်ဆိုးအကျည်းတန်စွာ ပေါ်ပေါက်ခဲ့သည်။ အမိနိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး အများပြည်သူတို့ အပြစ်ကင်းစွာ ပျော်ရွှင်မြူးထူးနေကြသည်ကို မနာလိုမရှုဆိတ်သော အဖျက်သမားတို့က ၁၅-၃-၂၀၁၀ ရက် (သင်္ကြန်အကြတ်နေ့)တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ X_2O ရေကစားမဏ္ဍပ်၌ အပြစ်ကင်းစွာ ရေသဘင်ပွဲဆင်နွှဲနေကြသော လူအုပ်ကြီးအတွင်းသို့ ဗုံးသုံးလုံး ဆက်တိုက်ပစ်သွင်း၍ ဖောက်ခွဲခဲ့ရာ လူအများအပြား သေကျေထိခိုက် ဒဏ်ရာရရှိခဲ့ကြသည်။ ငြိမ်းချမ်းသောသင်္ကြန်သည် သွေးဆာနေသော ကြေးစားဖောက်ခွဲရေးသမား ငမိုက်သားများကြောင့် သွေးစွန်းသောသင်္ကြန် ဖြစ်ခဲ့ရသည်။

ယခုနှစ် ၂၀၁၁ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို နိုင်ငံတော်ကကြီးမှူး၍ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ သင်္ကြန်ချစ်သူ ပြည်သူတို့အနေနှင့် နှလုံးသားမရှိသည့် ကြေးစားအဖျက်သမားတို့၏ ရန်ကိုလည်း လုံခြုံရေးအသိဖြင့် သတိပြုကာကွယ်သွားကြရမည် ဖြစ်ပေသည်။

ထို့ပြင် ယခုနှစ်ကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးသည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး၏ ခရီးအစနှင့် ထူးခြားစွာတိုက်ဆိုင်နေသဖြင့် ပိုမို၍လေးနက်အဓိပ္ပာယ်ရှိလှပေသည်။ သို့အတွက် သင်္ကြန်ချစ်သူ ပြည်သူအပေါင်းတို့သည် မြန်မာ့အတာရေသဘင်ပွဲတော်ကြီးကို ရိုးရာမပျက် ယဉ်ကျေးပျော်ရွှင်စွာ ဆင်နွှဲကြပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို စိတ်သစ်၊ လူသစ်၊ အားမာန်သစ်များဖြင့် ဂုဏ်ယူစွာ ကြိုဆိုကြပါစို့ဟူ၍ ဆန္ဒပြုတိုက်တွန်းလိုက်ပါသည်။ ။

မြန်မာ့ရိုးရာ သင်္ကြန်မှတ်စု

တည်ဆောက်မှုရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည့် ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ဧပြီ ၁၁ ရက်က တွေ့ရစဉ်။

ယခုနှစ်ရန်ကုန်သင်္ကြန် ယခင်နှစ်ကထက်စည်ကားနိုင် ရေကစားသူတို့လုံခြုံရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်ထား

ရန်ကုန် ဧပြီ ၁၁

ဧပြီ ၁၃ ရက်သည် မြန်မာ့ရိုးရာ အတာသင်္ကြန် စတင်မည့်ကာလဖြစ်ရာ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် ရေကစားမဏ္ဍပ်များ တည်ဆောက်မှု ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်ကို တွေ့ရသည်။ ရန်ကုန်မြို့တွင်း၌ ရေကစားမဏ္ဍပ်စုစုပေါင်း ၈၀ ကျော်ရှိပြီး ယခုနှစ်သည် ယခင်နှစ်ထက် ပိုမို စည်ကားနိုင်ကြောင်း၊ ရေကစားသူတို့ ဘေးအန္တရာယ် လုံခြုံရေးအတွက်လည်း ဦးစားပေး လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်အနေအထားမှာဆိုရင် ကန်တော်ကြီးပတ်လမ်းက မဏ္ဍပ်ကြီးများ အများဆုံးတည်ရှိပြီး အစည်ကားဆုံးနေရာတစ်ခုဖြစ်နိုင်ပါတယ်။ အဲ့ဒီမှာ မဏ္ဍပ်ကြီးခုနစ်ခုတည်ရှိပါမယ်။ ပြီးတော့ ရေကစားသူတွေ ဘေးအန္တရာယ်လုံခြုံမှုရှိစေဖို့အတွက် ကြိုတင်ကာကွယ်ရေး အစီအမံတွေကိုလည်း လုပ်ထားတဲ့အပြင် စည်းကမ်းပိုင်းဆိုင်ရာတွေကိုလည်း သတ်မှတ်ပေးထားတဲ့အတွက် စည်းစနစ်တကျ ကျင်းပမယ့်သင်္ကြန်လို့လည်း ဆိုနိုင်ပါတယ်။ ကန်တော်ကြီးပတ်လမ်းအပြင် ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းတွေမှာလည်း စည်ကားနိုင်ပါတယ်" ဟု သင်္ကြန်မဏ္ဍပ်စီစဉ်ဆောက်လုပ်သူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော်တစ်ခွင် ရေကစားမဏ္ဍပ် စုစုပေါင်း ၈၀ ကျော်ရှိသည့်အနက် မဏ္ဍပ်ကြီး ၃၀ ကျော် ပါဝင်ပြီး ယင်းတို့မှာ ရန်ကုန်မြို့လယ်ဒေသ၌ အများဆုံး တည်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ရေကစားရန်အတွက် လက်မှတ်ဝယ်ယူမှုမှာလည်း မျှော်လင့်ထားသည်ထက် ပိုမိုဝယ်ယူမှုများရှိနေကြောင်း သိရသည်။

ရေကစားလက်မှတ် ဝယ်ယူမှုများပြားသော်လည်း ဈေးနှုန်းပြောင်းလဲတိုးမြှင့်ယူခြင်းပြုလုပ်မည် မဟုတ်ကြောင်း၊ လက်မှတ်ဈေးနှုန်းများကို ယခင်နှစ်အတိုင်းသာ ယူသွားမည်ဖြစ်ကြောင်း၊ ယခင်နှစ် ရေကစားလက်မှတ်တစ်စောင်ကို သင်္ကြန်လေးရက်စာ ငွေကျပ် ၃၅၀၀၀ မှ ငွေကျပ် ၅၅၀၀၀ ထိ နေရာပေါ်မူတည်၍ ဈေးနှုန်းကွဲပြားမှုရှိကြောင်း မဏ္ဍပ်စီစဉ်သူတစ်ဦးက ပြောကြားသည်။

ယခုနှစ်သင်္ကြန်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလိုက်နာစေရန်အတွက် စည်းကမ်းများ သတ်မှတ်ပေးထားခြင်း၊ အသိပေးနှိုးဆော်မှုများ ပြုလုပ်ထားခြင်း၊ လုံခြုံရေးအတွက် အထူးဂရုပြုဆောင်ရွက်ထားခြင်းတို့ကြောင့် ရေကစားသူတို့ ပျော်ရွှင်မှုအပြည့်အဝ ရရှိနိုင်မည့် ပွဲတော်တစ်ခုဖြစ်နိုင်ကြောင်း သင်္ကြန်ရေကစားမည့်သူတစ်ဦးက သုံးသပ်သည်။

သတင်း-ချစ်ဝင်းမြတ်(ကြေးမုံ)
ဓာတ်ပုံ-ဇော်မင်းထွန်း(ကြေးမုံ)

လမ်း (၅၀) ရှိ ပိတောက်ရိပ်မိသားစု ရေကစားမဏ္ဍပ်တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

အင်္ဂမအကြိမ် ရခိုင်မိသားစုမဟာသင်္ကြန် ရိုးရာနံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

ရခိုင်မိသားစု (ကျောက်မြောင်း) တာမွေမြို့နယ်က ကြီးမှူးကျင်းပသည့် အင်္ဂမအကြိမ် မဟာသင်္ကြန် ရိုးရာနံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပူဇော်ပွဲနှင့် ဆွမ်းဆန်တော် ပဒေသာပင် ဆက်ကပ်လှူဒါန်းပွဲကို ဧပြီ ၁၂ ရက်နှင့် ၁၃ ရက်များတွင် တာမွေမြို့နယ် (ကျောက်မြောင်း) ဓမ္မဝိဟာရလမ်းနှင့် ကျားကွက်သစ်လမ်းထောင့်ရှိ အမက(၂၈) တာမွေကျောင်းရှေ့၌ ကျင်းပမည်ဖြစ်သည်။

ဧပြီ ၁၂ ရက် ညနေ ၆ နာရီမှ ၉ နာရီထိ စုပေါင်းနံ့သာသွေးပွဲ ကျင်းပမည်ဖြစ်ပြီး ရခိုင်ရိုးရာယိမ်းအကများဖြင့် ကပြဖျော်ဖြေမည်ဖြစ်သည်။ ဧပြီ ၁၃ရက် ညနေ ၃ နာရီတွင် ရခိုင်တိုင်းရင်းသားရိုးရာ မင်္ဂလာစည်တော်အဖွဲ့ဖြင့် ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်းလမ်း၊ သီတာလမ်း၊ သတိပဋ္ဌာန်လမ်းနှင့် ကျားကွက်သစ်လမ်းတစ်လျှောက် ဘုရားရေသပ္ပာယ်ပူဇော်ပွဲ လှည့်လည်စီတန်းသွားရောက်ကြပြီး ရန်ကင်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဗုဒ္ဓဆင်းတုရုပ်ပွားတော်များအား နံ့သာရည်ဖြင့် ရေသပ္ပာယ်ပူဇော်ပြီး ဆွမ်းဆန်တော်ပဒေသာပင်များ ဆက်ကပ်လှူဒါန်းကြမည် ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့်မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၁

၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၆နာရီတွင် ရန်ကုန်မြို့ အင်လျားလမ်းရှိ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ရန်ကုန်ရွက်လှေအသင်း မြက်ခင်းပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံရွက်လှေ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်တို့က ဆုများပေးအပ် ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမ်းမြို့ ခုတင်(၁၀၀)ဆေးရုံအတွက် ULTRA SOUND စက်နှင့် မြို့နယ်သံဃာ့ဆေးရုံသစ် အဆောက်အအုံ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁၁

ရခိုင်ပြည်နယ် အမ်းမြို့ ခုတင်(၁၀၀) အထွေထွေရောဂါကု ဆေးရုံအတွက် တန်ဖိုး ငွေကျပ်သိန်း ၁၂၀ ရှိ ULTRA SOUND စက်နှင့် ငွေကျပ် ၃၆၆ ဒသမ ၂၅ သိန်းတန် မြို့နယ်သံဃာ့ဆေးရုံသစ် အဆောက်အအုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၇ ရက် ညနေ ၃ နာရီတွင် အဆိုပါ ဆေးရုံခန်းမ၌ကျင်းပရာ အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီတို့က ULTRA SOUND စက်နှင့် သံဃာ့ဆေးရုံ အဆောက်အအုံ တို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးသန်းထွန်းထံ ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် ဦးသိန်းဆွေက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားအပြီးတွင် ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေကြသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ မြို့နယ်သံဃာ့ဆေးရုံသည် အလျား ၆၄ ပေ၊ အနံ ၃၁ ပေရှိ သံကူကွန်ကရစ် အဆောက်အအုံဖြစ်ပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ပန္နက်တင် မင်္ဂလာပြုလုပ်၍ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၁ ခုနှစ် မေ ၇ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီတို့ ULTRA SOUND စက်နှင့် သံဃာ့ဆေးရုံ အဆောက်အအုံ တို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးသန်းထွန်းထံ ပေးအပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ရှမ်းစုရပ် ကော့လှာပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဩဘာသ(အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း

နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဩဘာသ။

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကော့ထော်ကျေးရွာ ခမည်းတော် ဦးသိန်းဖေ၊ မယ်တော် ဒေါ်မပုတို့မှ ၁၂၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်(တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၃ ရက်တွင် ပေါင်မြို့နယ်၊ ကော့ထော်ကျေးရွာ ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့ပြီး ၁၃၀၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်တွင် ကော့ကရင်ကျေးရွာကျောင်းဆရာတော် ဦးပဏ္ဍိတကိုဥပဇ္ဈာယ်ပြုလျက် ကော့ထော်ကျောင်းခဏ္ဍသိမ်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ပေါင်မြို့နယ် ကော့ထော်ကျေးရွာကျောင်း ဆရာတော် ဘဒ္ဒန္တသုမန၊ သထုံမြို့ ညောင်လေးပင်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ မော်လမြိုင်မြို့ အရှေ့ကံ့ကော်စာသင်တိုက် ဆရာတော်ဘဒ္ဒန္တဝါယမ၊ မော်လမြိုင်မြို့ တောင်လေးလုံးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသ၊ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် တမ္ဗဝတီကျောင်းဆရာတော် ဘဒ္ဒန္တအရိယတို့ထံ၌ အခြေခံမှစ၍ ပါဠိအဋ္ဌကထာဋီကာကျမ်းစာများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ကော့လှာပရိယတ္တိစာသင်တိုက်အတွင်း၌ ဓမ္မောဇာလယ သင်တန်းနာယကဆရာတော်၊ မော်လမြိုင်မြို့၊ ပရိယတ္တိသဒ္ဓမ္မပါလအသင်း၊ သုသမာစာရအသင်း၊ ဝိနယနုဂ္ဂဟအသင်းတို့နှင့် ကျိုက်သလ္လန်စေတီတော် မဟာမြတ်မုနိဘုရား၊ ဦးခန္တီဘုရား ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် (၁၀)နှစ် တိုင်တိုင် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူလျက်ရှိသည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဒ္ဓနဂုဏ်၊ ရတ္တညူမဟာနာယဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဒ္ဓီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၆၉(၂၀၀၈)ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်မြတ်ကို လျှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါအရ (၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်) မေ ၁၀ ရက်(တနင်္ဂနွေနေ့) ည ၇ နာရီ ၅ မိနစ်တွင် ဘဝနတ်ထံပျံလွန် တော်မူသည်။

သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများလိုက်နာရန်၊**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသောယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(၁၀) မော်တော်ဆိုင်ကယ်မဝင်ရ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။

(၁၁) မော်တော်ဆိုင်ကယ်စီးနင်းလျှင် ဦးထုပ်ဆောင်းရမည်၊ မေးသိုင်းကြိုးတပ်ရမည်၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်းမပြုရ၊ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုရ၊ ဟွန်းသံစုံတပ်ဆင်ခြင်းမပြုရ။

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) **သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။**

(ဃ) **ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား ဓာတ်ပုံမှတ်တမ်းရိုက်ကူးပြီး ထိရောက်စွာအရေးယူ ဆောင်ရွက်သွားပါမည်။**

(င) **“သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်”**

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

သတိ

ရန်ကုန်မြို့အတွင်း ဟွန်းမတီးရ

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရန်ကုန် မေ ၁၁

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက်ကြီး၌ သီတင်းသုံးတော်မူသော သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါရှိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသသည် ၁၃၇၂ ခုနှစ် တန်ခူးလဆန်း ၇ ရက် မေ ၁၀ ရက်(တနင်္ဂနွေနေ့) ည ၇ နာရီ ၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမစျာပန အခမ်းအနားကို ၁၃၇၂ ခုနှစ် တန်ခူးလဆန်း ၉ ရက် မေ ၁၂ ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ဖြူးအမြန်လမ်း ယာဉ်တိုက်မှုဖြစ်ပွား

ဖြူး မေ ၁၁

အမြန်လမ်းမပေါ်တွင် သတ်မှတ်ယာဉ်စည်းကမ်းများကို လိုက်နာခြင်းမရှိသဖြင့် မတ် ၂၈ ရက် နံနက် အရုဏ်တက်အချိန်က ဖြူးမြို့အနောက်ဘက် နေပြည်တော်-ရန်ကုန် အဝေးပြေးကားလမ်းမကြီး မိုင်တိုင်အမှတ်(၁၀၉/၆)အနီး၌ ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားရာ ယာဉ်မောင်းအပါအဝင် လေးဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာ ရရှိသွားသည်။

ဖြစ်ပွားပုံမှာ မတ် ၂၈ ရက် နံနက် ၅ နာရီခန့်တွင် ဖြူးမြို့နယ် ဖြူးအမြန်လမ်း ရဲစခန်းတောင်ဘက် မိုင်တိုင်အမှတ်(၁၀၉/၆)အနီး နေပြည်တော်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဇော်လွင်ဦး လှည်းတန်း ရန်ကုန်မြို့နေသူ မောင်းနှင်လာသော ၈ဂ/၇၇၄၉ လိုက်ထရပ် အဖြူရောင်ယာဉ်မှာ တစ်ဖက်ကားလမ်းအစပ်၌ ရပ်တန့်ဆီဖြည့်နေစဉ် ယာဉ်မောင်း ဇော်မင်းအောင် ရုံးရပ်ကွက်၊ ဖြူးမြို့နေသူ မောင်းနှင်လာသော ၈ဃ/၉၄၄၅ လိုက်ထရပ်အဖြူရောင်ယာဉ်က အရှိန်ဖြင့် ဝင်တိုက်မိရာ ၈ဂ/၇၇၄၉ ယာဉ်မောင်း ဇော်လွင်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိ သေဆုံးသွားကာ ၎င်းယာဉ်ပေါ်ပါသူ မောင်ဆန်းလွင်အောင် (၁၅)နှစ် ရန်ကင်းလမ်း လေးဒေါင့်ကန် သဃ်န်းကျွန်း မြို့နယ်နေသူမှာလည်း ဒဏ်ရာပြင်းထန်စွာရရှိ သေဆုံးသွားပြီး ဝင်တိုက်သည့် ၈ဃ/၉၄၄၅ ယာဉ်မောင်းဇော်မင်းအောင် (၂၅)နှစ်နှင့် ယာဉ်ခေါင်းခန်းတွင် လိုက်ပါစီးနင်းသူ ဦးဝင်းကို (၄၅)နှစ် ဖြူးမြို့နေသူမှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိသေဆုံးသွားသည်။ ယင်းယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် နှစ်ဖက်ကားများမှ ယာဉ်မောင်း နှစ်ဦးအပါအဝင် လူလေးဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိကာ ဒဏ်ရာရလူနာများအား သက်ဆိုင်ရာမှ ဖြူးဆေးရုံသို့ တင်ပို့ကြပြီး ယာဉ်တိုက်မှုကို ဖြူးအဝေးပြေးလမ်းမကြီး ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က)/၃၃၈/၃၃၇ ဖြင့် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ (၁၄၀)

ငမိုးရိပ်စံပြဈေးရှေ့၌ ယာဉ်တိုက်မှုဖြစ်

ရန်ကုန် မေ ၁၁

သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ် လေးဒေါင့်ကန် စံပြ/စီမံကိန်းရပ်ကွက်များရှေ့ ငမိုးရိပ်စံပြဈေးကြီးမျက်နှာစာအရှေ့ဘက်ရှိ လေးဒေါင့်ကန်လမ်းမကြီး၌ သန့်ရှင်းရေး ဝန်ထမ်းလုပ်သားအမျိုးသမီးတစ်ဦးအား တက္ကစီကားတစ်စီးက တိုက်မိမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မေ ၁၀ရက် ည ၁၁ နာရီ ၃၅မိနစ်ခန့်က သဃ်န်းကျွန်းစည်ပင်သာယာ ဝင်းနေ သန့်ရှင်းရေးဝန်ထမ်း ဒေါ်နီလာ(၅၀)နှစ်သည် လေးဒေါင့်ကန်လမ်းမကြီးအတိုင်း တွန်းလှည်းဖြင့် အမှိုက်သိမ်းလာစဉ် ငမိုးရိပ်စံပြဈေးကြီးရှေ့အရောက် ပြည်ထောင်စု ခုံးကျော်တံတားပေါ်မှ ဖြတ်မောင်းလာသော တက္ကစီယာဉ်မောင်း ကျော်ထက်အောင် (၂၆)နှစ် ငမိုးရိပ်(၂)လမ်း ငမိုးရိပ်ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေသူမောင်းလာသော ၉/၈၃၁၄ တိုယိုတာကိုရိုလာအဖြူရောင် တက္ကစီကားသည် သန့်ရှင်းရေးလုပ်သား အမျိုးသမီး၏ ဝဲဘက်ခါးကိုတိုက်မိပြီး ဒဏ်ရာပြင်းထန်စွာရ၍ တာဝန်ရှိသူများက စံပြဆေးရုံကြီးသို့ တင်ပို့ခဲ့သည်။ မဆင်မခြင်မောင်းခဲ့သော တက္ကစီယာဉ်မောင်းအား အရေးယူနိုင်ရန် ယာဉ်မှုစစ်တာဝန်ရှိသူက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ (၅၀၆)



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းအောင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ဆိပ်ခံတံတားအသစ် တိုးချဲ့တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

○ **တိုင်းရင်းသားမှ**

နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး ဦးတည်ချက်အတိုင်း တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆိပ်ကမ်းလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန်မှာကြားကာ အေးရှားဝေါလ်ဆိပ်ကမ်း၌ နိုင်ငံခြားသင်္ဘောပေါ်သို့ ကုန်သေတ္တာများ တင်/ချဆောင်ရွက်နေမှု၊ ဆိပ်ခံတံတားအသစ်တိုးချဲ့တည်ဆောက်နေမှုနှင့် ကုန်သေတ္တာများ ရောက်ရှိ/ထားသိုမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာစက်မှုဆိပ်ကမ်းသို့ ရောက်ရှိပြီး ဆိပ်ကမ်း၌ နိုင်ငံခြားသင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများ တင်/ချနေမှု၊ ကုန်သေတ္တာများ စနစ်တကျထားသိုထားရှိမှုနှင့် ကုန်သေတ္တာတင် မော်တော်ယာဉ်များအား X-RAY စက်ဖြင့် ဖြတ်သန်းမောင်းနှင် စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိသော ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ရောက်ရှိပြီး သင်္ဘောပေါ်မှ ဘိလပ်မြေအိတ်များ တင်/ချနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၉ ရက် နံနက် ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခုတို့မှ တာဝန်ရှိသူများအား ၂၀၁၁ -၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် နှစ်စဉ် စီမံကိန်းရည်မှန်းချက်တာဝန်များကို ပေးအပ်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံမြေမန်နေဂျာများ၊ စက်ရုံ၊ အလုပ်ရုံမှူးများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခုတို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများက မိမိတို့ခရိုင်အတွင်းရှိ မြို့နယ်များ၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးကဏ္ဍများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တိုင်းဒေသကြီးအတွင်းရေးမှူး ဦးမြင့်သိန်းတို့က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါး၊ နွေစပါးစိုက်ဧက လျာထားချက်များ အပြည့်အဝစိုက်ပျိုးရေး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စီမံချက်များ စနစ်တကျရေးဆွဲပြီး တောင်သူများနှင့် တွေ့ဆုံစည်းရုံးဆောင်ရွက်သွားရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရန်အတွက် အချိန်နှင့်တစ်ပြေးညီ စနစ်တကျဆောင်ရွက်သွားရေး၊ ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးကိစ္စများကို စဉ်ဆက်မပြတ် အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရာသီမရွေး အလေးထားဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

■ **ကလေးမြို့နယ်မှ**

ဆင်းရွှေကြာ-၂ နှင့် မဟူရာမျိုးများဧကပေါင်း ၃၇၂၁၁ စိုက်ပျိုးခဲ့ရာ တင်းပေါင်း ၁၀၂၈၁၃၄၀ ထွက်ရှိပြီး တစ်ဧက ၂၇ ဒသမ ၆၃တင်းနှုန်းထွက်ရှိကြောင်းသိရှိရသည်။ ကလေးမြို့နယ်၏ ၂၀၀၉-၂၀၁၀ ခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးသည့် ဧကပေါင်းမှာ ၉၃၆၀၇ ဧကရှိပြီး တင်းပေါင်း ၂၅၆၉၈၂၉ တင်းထွက်ရှိသဖြင့် ဆီဖူလုံမှု ရာခိုင်နှုန်းမှာ ၃၀၃ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

ယခင်က နေကြာကို ကလေးမြို့နယ်တွင် စိုက်ပျိုးခြင်းမရှိသော်လည်း ဘုတလင်မြို့နယ်မှ နေကြာမျိုးစေ့ယူပြီး စတင်စိုက်ပျိုးခဲ့ရာ တင်းပေါင်း ၂၈၅၄၁ တင်းသာ ထွက်ရှိသည်။ ယခု ၂၀၁၀-၂၀၁၁ ခုနှစ်အတွက်နေကြာဧကပေါင်း ၄၀၀၀၀ ခန့် စိုက်ပျိုးနေပြီဖြစ်သည်။ ။ **ရေးသားသူ-ဒီဒိုင်း**

▲ **ရေဝတီတံတားမှ**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဟိုင်းကြီးကျွန်း ကြိုးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပုသိမ်-ငပုတောလမ်း ဖောက်လုပ်နေမှုနှင့် လမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတား၊ သင်္ကယ်ချောင်း မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ပြီးလျှင် ချဉ်းကပ်လမ်းများတစ်ပြိုင်တည်းပြီးစီးရန် ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၁၀ ရက်တွင် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းတစ်လျှောက် ကတ္တရာလမ်းအပိုင်းလိုက် တာဝန်ယူဆောင်ရွက်ကြသော ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ကျုံကူးရွာသွားလမ်းပေါ်ရှိ ဘုရားချောင်းတံတားနှင့် ပျဉ်းမချောင်းတံတား တည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း၊ ဟိုင်းကြီးကျွန်း ကြိုးတံတားတည်ဆောက်မည့် နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ **ပစိဖိတ်မှ**

ပင်လယ်ရေစီးကြောင်းများဆိုင်ရာ အပြောင်းအလဲများ၊ ပင်လယ်ကြမ်းပြင်နှင့် ပင်လယ်သမုဒ္ဒရာဆိုင်ရာ အပြောင်းအလဲများကို ပစိဖိတ်သမုဒ္ဒရာတွင် တွေ့မြင်နိုင်ပြီး အိန္ဒိယသမုဒ္ဒရာအပေါ် အကျိုးသက်ရောက်မှုဖြစ်ပေါ်လာနိုင်မှုကို အိန္ဒိယသိပ္ပံပညာရှင်များက လေ့လာကြမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၌ မတ်လအတွင်းက ဖြစ်ပွားခဲ့သော မြေငလျင်နှင့် ဆူနာမီရေလှိုင်းဆိုင်ရာ သဘာဝကပ်ဘေးကြောင့် လူပေါင်း ၁၂၀၀၀ ကျော် သေဆုံးခဲ့ရသည်။

အင်တာနက်။

အောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်းတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မန္တလေးမြို့၊ မြင်းခြံမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် သိမ်ဖရပ်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဟားခါးမြို့နှင့် မြိတ်မြို့တို့တွင် သုည ဒသမ ၅၅ လက်မစီ၊ တောင်ကြီးမြို့နှင့် ဘားအံမြို့တို့တွင် သုည ဒသမ ၄၃ လက်မစီ၊ ထားဝယ်မြို့တွင် သုည ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန် မွန်းတည့်အချိန်ထိ ခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရာပဲ-ဒေါ်န်းကျေးရွာချင်းဆက် လမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၁

အရှည် ၇ မိုင်၊ အကျယ် ၁၂ ပေရှိသည့် ထန်တလန်မြို့နယ် ရာပဲ-ဒေါ်န်းကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖွင့်ပွဲကို ဧပြီ ၇ ရက် နံနက် ၈ နာရီက ကျင်းပရာ ချင်းပြည်နယ် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျင်လျန်းပေါင်၊ ထန်တလန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ တာဝန်ရှိသူတို့က တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ထန်တလန်-လုံလဲရ်လမ်း မိုင်တိုင်(၁၇/၂ မှ ၂၂ /၀)အကြား လမ်းလွှဲသစ်(၃)မိုင်အား စက်ယန္တရားဖြင့် ဖောက်လုပ်နေမှု၊ ထန်တလန်မြို့ အော်တိုအိတ်ချိန်းရုံး၊ ကြေးနန်းရုံးနှင့် စာတိုက်ရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးမှန်သမျှ သုံးတတ်က မှချမီးဘေး စဉ်ကင်းဝေး

မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်မှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ကိုကိုနိုင်နှင့်ဇနီး၊ အရာရှိများ၊ ဆရာ၊ဆရာမများ၊ ဗိုလ်လောင်းများ၊ နယ်ဘက်မိတ်ဆွေများက ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၆၅၀၀၀ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရီရီမြင့်နှင့်အဖွဲ့ဝင်များ လက်ခံယူစဉ်။ (ကြေးမုံ)

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့ရှိသူ	-	ထောင်(၁)နှစ်
၂။	ကစားသူ	-	ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	-	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

✻ ကျန်းမာရေးမှ

နေပြည်တော်ရှိ ရောဂါနှိမ်နင်းရေးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးဌာနမှ တာဝန်ခံများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြည်သူ့အတွက် အကျိုးစီးပွားဖြစ်ထွန်းအောင် ကိုယ်ချင်းစာနာစိတ်ဖြင့် ကြိုးပမ်းကြစေလိုကြောင်း၊ လာဘ်ပေးလာဘ်ယူ ကင်းစင်သည့် ရိုးသားကြိုးစားသော အရည်အသွေးပြည့်ဝသည့် ဝန်ထမ်းများဖြစ်ရန်လိုကြောင်း၊ လူမှုရေးလုပ်ငန်း ဖြည့်စွက်ဆောင်ရွက်ရာတွင်လည်း မူဘောင်အတွင်းမှ ကူညီဆောင်ရွက်စေလိုကြောင်း၊ ပြည်သူအများ အားကိုးယုံကြည်သည့် အရည်အသွေး ပြည့်ဝသော၊ သိက္ခာရှိသော ကျန်းမာရေးဝန်ထမ်းကောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆရာဝန်အချင်းချင်း၊ ဝန်ထမ်းအချင်းချင်း ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းဦးတည်ချက်ကို အောင်မြင်အောင် ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် လူ့အသက်နှင့်ရင်းနှီးကာ ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သဖြင့် မှားယွင်းမှု၊ ချို့ယွင်းမှု တစ်စုံတစ်ရာမရှိအောင် ဂရုတစိုက် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအဆင့်ဆင့်သည် သွက်လက်ထက်မြက် အရည်အသွေးပြည့်ဝသော ဝန်ထမ်းများဖြစ်ရေး ကြိုးစားကြရန်လိုအပ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။ ထို့နောက် ပြည်သူ့ကျန်းမာရေးအရေးပေါ် စီမံခန့်ခွဲမှုအခန်း၊ ခုခံကျ/ကာလသားရောဂါ၊ တီဘီ၊ ငှက်ဖျားတိုက်ဖျက်ရေးဌာနများ၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးဌာန၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန၊ ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင် ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးဌာနမှ တာဝန်ခံများနှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

✻ တရုတ်ပြည်သူ့မှ

ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာက တာလေမြို့မှ ငလျင်ဒဏ်သင့်ပြည်သူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူများက လူသားချင်း စာနာထောက်ထားသောအားဖြင့် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်း၏ အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းက ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေမြို့မှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ပြည်ပကိုယ်စားလှယ်အဖွဲ့များ တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်းနှင့် ဦးထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား ထိုင်းနိုင်ငံ Thailand Board of Investment (BOI) မှ Mrs. Vasana Mututanont, Executive Director of International Affairs Bureau ဦးဆောင်၍ အဖွဲ့ဝင် ၂၂ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရေး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးကြသည်။**(အောက်ပုံ)**

အလားတူ အသင်းချုပ်ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ ပါဝင်သောအဖွဲ့အား ဗီယက်နမ်နိုင်ငံ Hanoi Import, Export & Investment Co., Ltd. မှ Mr. Tran Manh Dung ခေါင်းဆောင်၍ အဖွဲ့ဝင် ရှစ်ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး စားသောက်ကုန်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ လူသုံးဆေးဝါးလုပ်ငန်း၊ Supermarket လုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မကြယ်စင်သုဝေအား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးတင်ဋ္ဌေး ဆုချီးမြှင့်စဉ်။

(ဝဇေ)

ပုဇွန်တောင်မြို့နယ်၌ မသမာသူများက ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ ပြုလုပ်ဖန်တီးထားသည့် မသင်္ကာဖွယ် စက္ကူပုံးတစ်ပုံးအား ရှင်းလင်းဖယ်ရှားခဲ့၊ စက္ကူပုံးအတွင်း ဖောက်ခွဲရေးပစ္စည်းများ ပါရှိခြင်းမရှိသော်လည်း ပြည်သူများသတိရှိကြရန် သက်ဆိုင်ရာက နှိုးဆော်ထား

နေပြည်တော် ဧပြီ ၁၁

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ လမ်းဘေးပလက်ဖောင်း တစ်နေရာ၌ ဧပြီ ၉ ရက် ညနေပိုင်းတွင် နိုင်ငံတော်အား ဆန့်ကျင်နေသည့်အဖွဲ့အစည်းများနှင့် အဖျက်အမှောင့် ပြုလုပ်လိုသူများက ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ စက္ကူပုံးတစ်ပုံးကို ချထားခဲ့မှုကြောင့် တာဝန်ရှိသူများက ရှင်းလင်းဖယ်ရှားခဲ့ရကြောင်း၊ ယင်းစက္ကူပုံးထဲတွင် ဖောက်ခွဲရေးပစ္စည်းများ ပါရှိခြင်း မရှိသော်လည်း ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ဖန်တီးထားသည့်အတွက် သင်္ကာမကင်းဖွယ် စက္ကူပုံးအဖြစ် သတ်မှတ်ကာ ရှင်းလင်းဖယ်ရှားခဲ့ရကြောင်း သိရှိရသည်။

စုံစမ်းစစ်ဆေးချက်များအရ ထိုနေ့ ညနေ ၃ နာရီခန့်တွင် ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်ဈေး မျက်နှာချင်းဆိုင်ရှိ ထီဆိုင်တစ်ဆိုင်၏ရှေ့ လမ်းဘေးပလက်ဖောင်းတွင် ထီး၊ ဖိနပ်ပြင်သူ နှစ်ဦးက ၎င်းတို့ဖိနပ်ချုပ်နေကြစဉ် မျက်နှာသွယ်၊ ဆံပင်တို၊ အသားညို၊ နှုတ်ခမ်းမွေး ရေးရေးရှိပြီး အရပ် ငါးပေ ငါးလက်မခန့်၊ အသက်(၄၀)ခန့်ရှိသူတစ်ဦးနှင့် ဆံပင်တို၊ အသားညို၊ ခန္ဓာကိုယ် တောင့်တင်းပြီး အရပ် ငါးပေ လေးလက်မခန့်ရှိသူတစ်ဦးတို့သည် ၎င်းတို့ ဖိနပ်ချုပ်ဆိုင်အနီး၌ အလျား တစ်ပေ ရှစ်လက်မ၊ အမြင့်တစ်ပေခွဲ၊ အနံတစ်ပေခန့်ရှိ Red Ruby စာတမ်းပါ စက္ကူဂျပ်ပုံး တစ်ပုံးကို ချထားပြီး ၁၅ မိနစ်ခန့် ရပ်နေသည်ကို သတိထားမိကြောင်း၊ သို့ရာတွင် ယင်းလူစိမ်းနှစ်ဦး မည်သည့်အချိန်က ထွက်ခွာသွားသည်ကိုမူ သတိမထားမိခဲ့ကြောင်း၊ ညနေ ၅ နာရီခန့်တွင် ၎င်းစက္ကူပုံးမှာ အဆိုပါ နေရာ၌ပင် ဆက်လက်ရှိနေသေးသည့်အတွက် သင်္ကာမကင်းဖြစ်ကာ ပုဇွန်တောင်ရဲစခန်းသို့ အကြောင်းကြားခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တာဝန်ရှိသူများရောက်ရှိပြီး ၎င်းစက္ကူပုံးအား သေချာစစ်ဆေးရာ စက္ကူပုံးအတွင်း ဆာလာအိတ် တစ်ဝက်ခန့်ရှိ ကိုင်းမြက်များနှင့် အုန်းသီးခွံ တစ်ခုတို့ကို တွေ့ရှိခဲ့ရကြောင်း သိရှိရသည်။

အများပြည်သူတို့အနေဖြင့် ဤသို့ မသင်္ကာဖွယ်ပစ္စည်းများတွေ့ရှိပါက ဖုန်းနံပါတ် (၁၉၉)သို့ လည်းကောင်း၊ နီးစပ်ရာရဲကင်း၊ ရဲစခန်းများသို့ လည်းကောင်း ဆက်သွယ်သတင်းပေးပို့ကြရန်နှင့် အထုပ်များ၊ ကက်ဆက်များ၊ တယ်လီဖုန်းများ စသည်တို့ကို ပိုင်ရှင်မဲ့ တွေ့ရှိရပါက လည်းကောင်း၊ နေရာတစ်နေရာတွင် ၎င်းနေရာနှင့် မသက်ဆိုင်သော၊ မရှိသင့်သော ပစ္စည်းများ ထူးခြားစွာရောက်ရှိနေပါက လည်းကောင်း၊ ထားရှိသောပစ္စည်းအရေအတွက်ထက် ပိုမိုနေပါက လည်းကောင်း၊ မလုံမလဲ အမူအရာပျက်နေသူကို တွေ့ရှိပါက လည်းကောင်း အထူးသတိထားလျက် သတင်းပေးပို့ကြပါရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဆင်း

ရန်ကုန် ဧပြီ ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် နဝမအကြိမ်မြောက် PRE - SEA DECK RATING TRAINING CORUSE သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၁၁ ရက်တွင် အမှတ်(၇) လေးထောင့်ကန်လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းတာဝန်ခံ မြန်မာ့သင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး အသင်း အတွင်းရေးမှူး ဦးကျော်မြင့်ဦးက သင်တန်းသားများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ကြောင်း သိရသည်။**(အောက်ပုံ)** (၅၀၆)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၃၀ “လူ့စွမ်းအား”တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၇၁)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၂၉)**
- ၈:၄၅ April Music Show(Part-10)
- ၉:၂၅ ခါသကြိန်အဆိုအကများ
- ၉:၄၀ Cartoon Show Time (Big Idea's Jonah)
- ၁၀:၂၀ တန်ဖိုးရှိသော နွေကျောင်းပိတ်ရက်များ
- ၁၀:၃၀ Celebrity Style (ဟဲလေး)
- ၁၀:၅၅ သင်္ကြန်အိပ်မက်များ (အပိုင်း-၁)
- ၁၁:၁၅ အောင်ဆန်းဆရာတော်နှင့်စာရေးဆရာကြီးပါရဂူတို့ ဂုဏ်ပြုချီးမြှင့်သည့် စာရေးဆရာနာရီသောင်းညွှန့်၏စာအုပ်မိတ်ဆက်ပွဲ အခမ်းအနား
- ၁၁:၃၀ Vox Pop (သင်္ကြန်စိတ်ကူး)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ချီးကျူးဂုဏ်ပြုပွဲ (ရခိုင်ပြည်နယ်မွှာရုံ)
- ၁၂:၂၅ အရွယ်မရွေးလှပစေဖို့. . .
- ၁၂:၄၀ ရန်ကုန်မြင်ကွင်းကျယ် [ထိုင်းနိုင်ငံဗန်ကောက်မြို့မှ Praram 9 ၏ မြန်မာပြည်ရုံးခွဲဖွင့်လှစ်ခြင်း(၆)နှစ်ပြည့်နှင့် ရုံးခန်းသစ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း အခမ်းအနား]
- ၁:၀၀ “လူ့စွမ်းအား”တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Media As Partners In Education For Sustainable Development
- ၂:၅၀ ခါသကြိန်အဆိုအကများ
- ၃:၀၅ ဂီတသရုပ်ပြခန်း (တေးရေးစိုးလင်းရဲ့ သင်္ကြန်သီချင်းများစုစည်းမှု) (အပိုင်း-၁)
- ၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၇၁)**
- ၄:၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၂၉)**
- ၄:၅၅ ခါသကြိန်အဆိုအကများ
- ၅:၁၀ ဒီသင်္ကြန်မှာ
- ၅:၂၅ The Champion of Dance (မြန်မာ့ရိုးရာသင်္ကြန်ယိမ်းအကပြိုင်ပွဲ)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဘယ်မဏ္ဍပ်မှာရှိမှာလဲ
- ၆:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၇၂)**
- ၇:၂၀ Celebrity Choice (မိုးအောင်ရင်)
- ၇:၄၅ ၂၀၁၁ သင်္ကြန်မဏ္ဍပ်များ
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ခါသကြိန်အဆိုအကများ
- ၉:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၃၀)**
- ၁၀:၁၅ (၂၁)ရာစုရဲ့ ဇော်ဝမ်းသင်္ကြန်
- ၁၁:၀၀ အနုပညာမိုးကောင်းကင်
- ၁၁:၂၀ မတော်တဆထိခိုက်ဒဏ်ရာရရှိခဲ့လျှင် သတိပြုလိုက်နာရမည့်အချက်များ (အပိုင်း-၁) (ပါမောက္ခဒေါက်တာနေဝင်း)
- ၁၁:၄၅ World of Knowledge (Ancient Mega Structure; Angkor Wat)
- ၁၂:၃၀ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
- ၁၂:၄၀ ဖန်တီးသူနှင့်အနုပညာ (မျိုးသန္တာထွန်း) (အပိုင်း-၁)
- ၁:၀၅ နွေးထွေးသော မေတ္တာအိမ်ကလေး (ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
- ၁:၃၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ရောင်စုံစက္ကူပန်းအိုး ပြုလုပ်နည်း)
- ၁:၄၀ ငြိမ်းချမ်းခြင်းသရုပ်. . . အေးချမ်းမှုအလှ
- ၂:၀၀ Box Office Movies (300)
- ၂:၃၀ ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
- ၃:၀၀ ကဏ္ဍာစုံလင်အားကစား အစီအစဉ်
- ၄:၀၀ လွှမ်းတင်သည့်ကြိုး
- ၄:၂၀ သာသနာတော်ထွန်းကား အလှူတရားဖြာဝေ ထားဝယ်မြေ
- ၄:၄၅ တောင်းဆုအမှန်ပြည့်မည်ကေန် (ကျိုက်ထီးမဟာမုနိသွန်းဘုရား)
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၁၁

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ကြီးမှူး၍ KENBO မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကို မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၈ ရက် ညနေပိုင်းတွင် မန္တလေးမြို့ Oriental House စားသောက်ဆိုင်၌ ကျင်းပရာ Nearest to the pin ဆုကို သက်မောင်မောင်က လည်းကောင်း၊ Nearest to the Line ဆုကို မျိုးမြင့်အောင်က လည်းကောင်း၊ Longest Drive ဆုနှင့် Most Birdie ဆုများကို နိုင်ရဲလင်းက လည်းကောင်း ရရှိကြသည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက စုစုပေါင်းရိုက်ချက် ၁၄၁ ချက်ဖြင့် ပထမရရှိသော နိုင်ရဲလင်းနှင့် စုစုပေါင်းရိုက်ချက် ၁၄၂ ချက်ဖြင့် ဒုတိယရရှိသော စိုးအောင်တို့အား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က စုစုပေါင်းရိုက်ချက် ၁၄၆ ချက်ဖြင့် တတိယရရှိသော သန်းနိုင်ဦး၊ စတုတ္ထရရှိသော သန်းဝင်းနှင့် ပဥ္စမရရှိသော သက်ဇော်ထွေးတို့အားလည်းကောင်း၊ Aung Kanbo Trading Ltd. မှ အထွေထွေမန်နေဂျာ ဦးကျော်ဝင်းက ဆဋ္ဌမရရှိသော သိန်းနိုင်စိုး၊ သတ္တမရရှိသော သန့်ဇင်ဦးနှင့် အဋ္ဌမရရှိသော သူရကျော်တို့အား လည်းကောင်း၊ အမှုဆောင် ဦးချမ်းဟန်က နဝမရရှိသော တင်လင်းကိုနှင့် ဒသမရရှိသော အောင်လွင်မိုးတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ Aung Kanbo Trading Ltd. ဥက္ကဋ္ဌ ဦးအောင်အောင်က ပထမရရှိသွားသော နိုင်ရဲလင်းနှင့် Aung Kanbo Trading Ltd. ဒါရိုက်တာ ဦးမျိုးမင်းက ဒုတိယရရှိသွားသော စိုးအောင်တို့အား KENBO ဆိုင်ကယ် တစ်စီးစီ ပေးအပ်ချီးမြှင့်သည်။

၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသော နိုင်ရဲလင်းအား Aung Kenbo Trading Ltd. ဥက္ကဋ္ဌ ဦးအောင်အောင် ဆုပေးအပ်ချီးမြှင့်စဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က Aung Kanbo Trading Ltd. အား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ကြောင်း သိရသည်။

(သတင်းစဉ်)

◆ **ကျောဖုံးမှ**

ရန်ကုန်ယူနိုက်တက်အသင်းကို ဂိုးပြတ်အနိုင်ရရှိထား၍ စိတ်ဓာတ်တက်နေသည့် ကမ္ဘောဇအသင်းမှာ ယခုပွဲတွင် လည်း MNL အသင်းသစ် ရက္ခပူရယူနိုက်တက်အသင်းကို အနိုင်ယူကာ နှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့သည်။ ဒဏ်ရာပြဿနာရှိနေသည့် စိုးမင်းဦး ကို ပွဲထွက်လူစာရင်းတွင် အသုံးမပြုသည်မှလွဲ၍ ကမ္ဘောဇ အသင်းသည် ဟန်ဝင်းအောင်၊ အေးဆန်း၊ ကျော်ဇင်ထက်၊ နိုင်ဇော်ထွန်း၊ ကျော်သီဟတို့ဖြင့် လူစုံထုတ်ကစားခဲ့သည်။

အသင်းကြီးများနှင့် တွေ့ဆုံလျှင် အခက်တွေ့အောင် ကစားနိုင်လေ့ရှိသည့် ရက္ခပူရယူနိုက်တက်အသင်းမှာ ယခုပွဲတွင်လည်း ကမ္ဘောဇအသင်းကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ပွဲစကတည်းက ကမ္ဘောဇအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အချို့ လည်း ရရှိခဲ့သည်။ ကမ္ဘောဇအသင်းမှာ စိုးမင်းဦး မပါသောကြောင့် ရန်ကုန်နှင့်ပွဲလောက် တိုက်စစ်ကစားပုံ မကောင်းခဲ့ဘဲ သိန်းသန်းဝင်းနှင့် ခိုင်ဇော်ထွန်းတို့၏ အပိုင်ကန်ချက်များကိုလည်း ရက္ခပူရဂိုးသမား အောင်နိုင်စိုး ကာကွယ်နိုင်ခဲ့သည်။ ကမ္ဘောဇ အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၄၂ မိနစ်တွင် တောင်ပံကစားသမား သိန်းသန်းဝင်းက သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ရက္ခပူရအသင်းက ချေပဂိုးရရှိရန် တိုက်စစ်အား မြှင့်တင်ခဲ့သော်လည်း ကမ္ဘောဇနောက်ခံလူများနှင့် ဂိုးသမား ကျော်ဇင်ထက်တို့ ကာကွယ်နိုင်ခဲ့သည်။ ကမ္ဘောဇအသင်းက လည်း စိုးမင်းဦးကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ၎င်း၏ ပြစ်ဒဏ်ဘောကန်သွင်းမှုနှစ်ကြိမ်လုံးမှာ ဂိုးဘားထိထွက်သွား၍ နစ်နာခဲ့ရသည်။

MNL အမှတ်ပေးပြိုင်ပွဲကို သင်္ကြန်ကာလအတွင်း ခေတ္တရပ်နားထားမည်ဖြစ်ပြီး မေ ၇ ရက်တွင် ပြန်လည်စတင်မည်ဖြစ်သည်။ ပွဲစဉ်(၆)အပြီးတွင် ဇေယျာရွှေမြေက ပထမ၊ ရန်ကုန်ယူနိုက်တက်က ဒုတိယ၊ ရောဝတီယူနိုက်တက်က တတိယ၊ ကမ္ဘောဇက စတုတ္ထ၊ ဥဿာယူနိုက်တက်က ပဥ္စမနှင့် မကွေး F.C က ဆဋ္ဌမနေရာတို့တွင် အသီးသီး ရပ်တည်နေကြသည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

အာရှအလေးမ တံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအလေးမအဖွဲ့ ထွက်ခွာ

ရန်ကုန် ဧပြီ ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tongling မြို့၌ ဧပြီ ၉ ရက်မှ ၁၇ ရက်ထိ ကျင်းပမည့် (၄၂)ကြိမ်မြောက် အာရှအမျိုးသား တံခွန်စိုက် အလေးမပြိုင်ပွဲသို့ မြန်မာနိုင်ငံအလေးမအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဧပြီ ၁၁ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာအလေးမအဖွဲ့တွင် အုပ်ချုပ်သူ/နည်းပြ ဒေါ်ဝင်းဝင်းမော်၊ အားကစားသမားများဖြစ်သော ပြည့်ဖြိုးက (၅၆) ကီလိုတန်းတွင် လည်းကောင်း၊ ကျော်မိုးဝင်းက (၇၇)ကီလိုတန်းတွင်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

အဆိုပါ အာရှအလေးမတံခွန်စိုက်ပြိုင်ပွဲနှင့်အတူ ကျင်းပသော အာရှအလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေးသို့ တက်ရောက်ရန် အာရှအလေးမအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေသည် ဧပြီ ၁၀ ရက်က ကြိုတင်ထွက်ခွာသွားကြောင်း သိရှိရသည်။

(ကြေးမုံ)

(၂၆)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ် အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာလက်ရွေးစင် ဂေါက်သီးရိုက်အသင်း ပထမဆုရရှိ

ရန်ကုန် ဧပြီ ၁၁

၂၀၁၁ ခုနှစ် ဧပြီ ၆ ရက်မှ ၉ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ KURMITOLA GOLF CLUB ၌ ကျင်းပခဲ့သော (၂၆)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ် အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲ 26th BANGLADESH AMATEUR GOLF CHAMPIONSHIP တွင် မြန်မာလက်ရွေးစင် ဂေါက်သီးရိုက်အသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာလက်ရွေးစင် ဂေါက်သီးရိုက် အားကစားသမားနှစ်ဦးဖြစ်သော ရန်မျိုးအေးနှင့် မောင်မောင်ဦးတို့ပါဝင်ကြသော မြန်မာလက်ရွေးစင် ဂေါက်သီးရိုက်အသင်းက ပထမဆုရရှိသည်။ ယင်းပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ၌ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ သီရိလင်္ကာနှင့် ဘူတန်တို့ ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

KAUNG MYAT MYANMAR AMATEUR OPEN GOLF CHAMPIONSHIP 2011 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ရန်မျိုးအေးနှင့် ဒုတိယဆုရရှိခဲ့သော မောင်မောင်ဦးတို့အား ယခုပြိုင်ပွဲဖြစ်သော 26th BANGLADESH AMATEUR GOLF CHAMPIONSHIP ဂေါက်သီးရိုက်ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့ခြင်း ဖြစ်သည်။

ပထမရရှိခဲ့သော မြန်မာလက်ရွေးစင် ဂေါက်သီးရိုက်အသင်းသည် ဧပြီ ၁၀ ရက်က လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ဂုဏ်ပြုကြကြောင်း သိရှိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည် ပထမရရှိသော မြန်မာလက်ရွေးစင် ဂေါက်သီးရိုက်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုစဉ်။

(ဂေါက်သီးအဖွဲ့ချုပ်)

ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၏ (၅၃)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

နေပြည်တော် ဧပြီ ၁၁

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက ကြီးမှူး၍ Kaung Myat Companies (KM Golf Centre)က အဓိကကူညီပံ့ပိုးသော (၅၃)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (Pyin Oo Lwin Gold Cup) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပြင်ဦးလွင်ဂေါက်ကလပ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက ကြီးမှူး၍ Main Sponsor အဖြစ် Kaung Myat Companies (KM Golf Centre) က လည်းကောင်း၊ Co Sponsor များအဖြစ် IBTC(International Beverage Trading Co.,Ltd.)၊ ထူးထရေးဒင်း၊ Han Golf Master Wood Land Restaurant၊ Hotel Pyin Oo Lwin၊ လပ်ကီးသောက်ရေသန့်၊ အေဝမ်းဆောက်လုပ်ရေး၊ သော်တာဝင်း ဆောက်လုပ်ရေး၊ Yatanapon Teleport Co.,Ltd.၊ Elite Tech Manufacturing Co.,Ltd.၊ MK Fashion၊ Royal Reward Resort Hotel၊ Feel Restaurant၊ တာမိုးညဲ ချမ်းသာ ထွန်းဝေသော ကုမ္ပဏီ၊ မြန်မာဘီယာ၊ Oak Barrel Wine နှင့် Aurora Wine တို့က ပံ့ပိုးကူညီကြကြောင်းနှင့် ပြိုင်ပွဲကို ဧပြီ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ **မန်ယူမှ**

ကွင်းလယ်ပိုင်းတွင် ဒရော့ဘာ၊ အနယ်လ်ကာ၊ ဖာနန်ဒိုတောရက်စ်၊ လမ်းပတ်၊ အက်ဆီယံ၊ ရာမီရစ်၊ မာလူဒါတို့ဖြင့် လူစုံနေသော်လည်း ဂွန်တယ်ရီ ဦးဆောင်သည့် နောက်တန်းက ပြုပြင်ရန် လိုအပ်နေသေးသည်။

အိမ်ရှင်မန်ယူအသင်းတွင် ဘာဘာတော့ဗ်၊ ဝိန်းရွန်နေး၊ မိုက်ကယ်ကာရစ်၊ ဖလက်ချာ၊ ဗလင်စီယာ၊ နာနီ၊ ဗီဒစ်၊ ဖာဒီနန်တို့ဖြင့် လူစုံလာမည်ဖြစ်ခြင်းကြောင့် ချယ်လ်ဆီးကို ကစားကွက် အသာစီးပေးရဖွယ်မရှိပေ။ သို့သော် အဓိကဂိုးသမား ဗန်ဒါဆား ပါဝင်နိုင်ခြင်းမရှိပါက မန်ယူအတွက် အားနည်းချက်တစ်ရပ် ဖြစ်လာနိုင်သည်။ နာနီနှင့်ဗလင်စီယာတို့၏ တောင်ပံနှစ်ဖက်က တိုက်စစ်ကို ပံ့ပိုးပေးရာမှာ ထိရောက်မှုရှိနေခြင်းကြောင့် ဘာဘာတော့ဗ်နှင့် ဝိန်းရွန်နေးတို့ ဂိုးသွင်းသေချာရန်သာလိုသည်။ မည်သို့ပင်ဆိုစေ ဤပွဲသည် တိုက်စစ်ချင်းအားပြိုင်ကြမည့်ပွဲဖြစ်ခြင်းကြောင့် ပရိသတ်အကြိုက်ပွဲတစ်ပွဲ ဖြစ်လာမည်မှာ သေချာပေသည်။

ရှက်တာဒိုးနက် - ဘာစီလိုနာ

ပထမအကျော့ စပိန်မြေ နူးကမ့်တွင် ယှဉ်ပြိုင်ကစားခဲ့စဉ် ဘာစီလိုနာက ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်သွင်း အနိုင်ရထားသည်။ ရှက်တာဒိုးနက်တွင် ကော့စတာ၊ ဂျက်ဆင်၊ ဝီလျံနှင့် လူးဝစ်အက်ဒရီရာနိုတို့လောက်သာ လောက်လောက်လားလားရှိခြင်းကြောင့် အိမ်ရှင်အားသာချက်တစ်ခုတည်းဖြင့် ဘာစီလိုနာကို ယှဉ်နိုင်စွမ်းရှိမည်မထင်ပေ။

ဘာစီလိုနာတွင် မက်ဆီ၊ ဇာဗီ၊ အင်နီယေစတာ၊ ဒေးဗစ်ဗီလာ၊ ကီတာ၊ ဘတ်ကွက်စ်နှင့် မာရှေယာနိုတို့ အကောင်းဆုံးပုံစံတွင် ရှိနေသည်။ ထို့ပြင် တစ်ဦးချင်းခြေစွမ်းပိုင်းတွင်လည်း ဘာစီလိုနာက သာနေသည်။ ဤပွဲတွင် အိမ်ရှင်အားသာချက်ရှိနေသည့် ရှက်တာဒိုးနက်သည် မာမာထန်ထန်တုံ့ပြန်၍ တရစပ် တိုက်စစ်ဆင်လာမည်ဖြစ်သော်လည်း တစ်ဦးချင်း Skill ကောင်းသည့်ဘာစီလိုနာ ဂုဏ်သိက္ခာအတွက် အနည်းဆုံး သရေခံကစားပြီး ဆီမီးဖိုင်နယ်ကို တက်သွားနိုင်မည်ဖြစ်သည်။

ရာဖေးလ်ဒါဆေးဗား ချန်ပီယံလိဂ်ကွာတားပွဲ လွဲချော်မည်

မန်ချက်စတာ ဧပြီ ၁၁

မန်ယူအသင်း၏နောက်ခံကစားသမား ရာဖေးလ်ဒါဆေးဗား **(အပေါ်ပုံ)**သည် ဖူလ်ဟမ်နှင့်ပွဲတွင်ရရှိခဲ့သည့်ဒဏ်ရာကြောင့် အိုးထရက်ဖို့ဒ်တွင် ချယ်လ်ဆီးနှင့် ကစားရမည့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲကို လွဲချော်ရတော့မည်ဖြစ်သည်။ ရာဖေးလ်ဒဏ်ရာရနေချိန်တွင် ၎င်း၏နေရာကို ဖေဘီယို၊ ဝက်စ်ဘရောင်းနှင့် အိုရှီးယားတို့ထဲမှ တစ်ဦးဦး ဝင်ရောက်ကစားဖွယ်ရာရှိနေသည်။ **အင်တာနက်။**

မန်ယူကို အမီလိုက်နိုင်သေးကြောင်း ဝင်းဂါးပြောကြား

လန်ဒန် ဧပြီ ၁၁

အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက ပရီမီယာလိဂ်ပွဲစဉ် (၃၂)၌ ဘလက်ပူးကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရအပြီးတွင် မိမိတို့အသင်းအနေဖြင့် အမှတ်ပေးဇယားထိပ်က မန်ယူကို အမီလိုက်နိုင်သေးကြောင်း ထုတ်ဖော်ပြောကြားလာသည်။

ပရီမီယာလိဂ်ပွဲစဉ်များ ပြီးဆုံးရန် ခြောက်ပွဲအလိုတွင် မန်ယူက ပွဲစဉ်(၃၂) အပြီးတွင် ပွဲပြည့်ကစားကာ ရမှတ် ၆၉ မှတ်ဖြင့် ဦးဆောင်နေပြီး ချန်ပီယံဆုဖလားရရှိရန် အကောင်းဆုံးအနေအထားတွင် ရှိနေသည်။

သို့သော် ဒုတိယနေရာက အာဆင်နယ်မှာ တစ်ပွဲလျော့ ရမှတ် ၆၂ မှတ် ရရှိထားခြင်းကြောင့် မန်ယူကို အမီလိုက်နိုင်သေးသည့် အနေအထားတွင် ရှိနေသည်။

လက်ကျန်ပွဲများတွင် မန်ယူက နယူးကာဆယ်နှင့်အဝေးကွင်း၊ အဲဗာတန်နှင့် အိမ်ကွင်း၊ အာဆင်နယ်နှင့် အဝေးကွင်း၊ ချယ်လ်ဆီးနှင့်အိမ်ကွင်း၊ ဘလက်ဘန်းနှင့် အဝေးကွင်း၊ ဘလက်ပူးနှင့် အိမ်ကွင်းတွင်ကစားရန် ကျန်ရှိနေပြီး အာဆင်နယ်က လီဗာပူးနှင့် အိမ်ကွင်း၊ စပါးနှင့် အဝေးကွင်း၊ ဘော်လ်တန်နှင့် အဝေးကွင်း၊ မန်ယူနှင့် အိမ်ကွင်း၊ စတုတ်စီးတီးနှင့် အဝေးကွင်း၊ ဗီလာနှင့် အိမ်ကွင်း၊ ဖူလ်ဟမ်နှင့် အဝေးကွင်း ကစားရမည်ဖြစ်ခြင်းကြောင့် ပွဲစဉ်အနေအထားကို ကြည့်လျှင် မန်ယူက ပွဲချောင်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့အတွက်ကြောင့် အာစင်ဝင်းဂါးအနေဖြင့် မည်သို့ပင် ကြွေးကြော်နေစေကာမူ ချန်ပီယံဆုရယူရန်မှာ လွယ်ဦးမည် မဟုတ်ပေ။ **အင်တာနက်။**

——— ဟန်သစ် ———

တောင်ကြီးမြို့၌ ၂၀၁၁ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၁

၂၀၁၁ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူများကို လူသားတိုင်းကပြုမူမှသာ လူမှုဘဝမြင့်မားတိုးတက်ပြီး ကျန်းမာရေးနှင့် ပြည့်စုံမည် ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက် ဖြင့်သာ သောက်သုံးခြင်းများ ပြုကြရန် ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သော "ဆေးဝါးယဉ်ပါးမှု အန္တရာယ်ကာကွယ်ဖို့ အားလုံးပူးပေါင်း တိုက်ဖျက်စို့" ဆောင်ပုဒ်က ထောက်ပြနေခြင်းပင်ဖြစ်ကြောင်း၊ ပဋိဇီဝဆေးများကို တန်ဖိုးထားပြီး စနစ်တကျ ထုတ်လုပ်သုံးစွဲကြရန်၊ လူတိုင်းမိမိတို့ ကိုယ်တိုင်ပါဝင်နိုင်သည့် အခန်းကဏ္ဍမှ ပါဝင်ကြပြီး ဆေးဝါးယဉ်ပါးမှုကို တိုက်ဖျက်ပစ်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်၏ ၂၀၁၁ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးပိုမီး အခြားမီး
သုံးပြီးသတိအမြဲရှိ

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃၂)၊ မဥ္ဇူလမ်း၊ (၂/က)ရပ်ကွက်နေ
ဦးကြည်စိန်-ဒေါ်မြင့်မြင့်သန်းတို့၏သား
မောင်မျိုးမင်းမင်း
B.E(Mechanical)Y.I.T
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၆)၊ သမာဓိလမ်း၊ ဗျိုင်းရေအိုးစင် ရွာမရပ်ကွက်နေ
ဦးကြွင်သန်း-ဒေါ်မြအေးတို့၏သမီး
မအေးသီတာသန်း
B.A(Hons;) English, M.B.A(Ygn)

တို့သည် ၄-၄-၂၀၁၁ရက် (တနင်္လာနေ့)တွင် နှစ်ဖက်သောလူကြီးမိဘများရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမင်းမင်း-မအေးသီတာသန်း

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ
ဦးတင်ဇော်လတ် (Central Hotel)-ဒေါ်စန်းစန်းအေးတို့၏သား
မောင်တင်ဇော်မျိုးကို
B.C.Tech (University of Computer Studies)
Sales Assistant, Dubai Airport Duty Free(U.A.E)
နှင့်
ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ
Capt; ကျော်လွင်ညို(Master Mariner)- ဒေါ်ချိုချိုဆန်းတို့၏သမီး
မအိချိုလွင်
B.C.Sc (University of Computer Studies)
Cabin Crew(Emirates Airlines) (U.A.E)

တို့၏ ၂၀-၃-၂၀၁၁ ရက် (တနင်္ဂနွေနေ့) ရန်ကုန်မြို့ Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဒေါက်တာ ကျော်သန်း [ပါမောက္ခချုပ်(အငြိမ်းစား)၊ စိုက်ပျိုးရေးတက္ကသိုလ်ရေဆင်း]နှင့်ဇနီး ဒေါ်ညိုညိုမြိုင်[ပါမောက္ခ(အငြိမ်းစား)၊ စိုက်ပျိုးရေးတက္ကသိုလ်ရေဆင်း]တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဦးသော်တာ (Chief Engineer, Sedona Hotel)နှင့် ဇနီး ဒေါ်ပင်စီကျော်တို့အားလည်းကောင်း၊ မင်္ဂလာပွဲအတွက် ကူညီပေးခဲ့သော တရားရုံးချုပ်ရှေ့နေ ဦးကိုမြင့်အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဒေါ်ရီရီသန့်နှင့် မင်္ဂလာ တေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားဦးတင်ဝင်းလှိုင်တီးဝိုင်းအဖွဲ့၊ သတို့သားအရံ မောင်အုပ်ကျော်စိုးနှင့် မောင်ဟန်စိုးဦး၊ သတို့သမီးအရံ ဒေါက်တာ မဥ္ဇူခိုင်နှင့် မဥမ္မာလွင်၊ မင်္ဂလာပန်းကြဲပေးပါသော မချောစုလင်းဖြူသန့်၊ အောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မယမင်းသူဇာ၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မငြိမ်းချမ်းသဉ္ဇာ၊ မင်္ဂလာရှေ့ဆောင်လမ်းပြ မောင်ခန့်ဇော်ဟိန်းနှင့် မဖူးမြတ်နေခြည်၊ မင်္ဂလာဝတ်စုံ မမဥ္ဇူ (Zu Zu Collection)၊ အရံဝတ်စုံများ ကိုသန့်ဇင်၊ မင်္ဂလာပန်းအလှဆင်မြန်းပေးပါသော Ni Ni Point တို့ကိုလည်းကောင်း၊ မိတ်ကပ်အလှနှင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော မိတ်ကပ်စိုးစိုး၊ ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်ပေးသော ကိုအေးဇော်မိုး(စက်မှု)၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှ ကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား လှိုက်လှဲဝမ်းမြောက်စွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင်ဇော်မျိုးကို-မအိချိုလွင်

မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ရဲမှူးမြင့်သန်း(ငြိမ်း)-ဒေါ်လုံးလုံးသွင်
[စာရင်းစစ်မှူး(ငြိမ်း)စာရင်းကိုင်] Natural World Co.,Ltd တို့၏သား
မောင်သန်းထက်ဦး 2nd Mate(F.G)
Multi-Gate Corporation
နှင့်
နေပြည်တော်နေ
ရဲမှူးကြီးမြင့်ဝေ-ဒေါ်တင်တင်ညွန့်တို့၏သမီးကြီး
မအိအိနွယ် B.Sc(Chemistry)

တို့၏ ၈-၄-၂၀၁၁ရက် (သောကြာနေ့)တွင် Sedona Hotel အလုံခန်းမ၌ ကျင်းပပြုလုပ်သော မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး သီရိသုဓမ္မသိင်္ဂီဒေါ်ခင်ချိုအုန်း၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ရဲမှူး စောထွေး(ငြိမ်း)နှင့် ဦးခင်မောင်ရှိန်၊ မင်္ဂလာလက်စွပ်များ ဆင်မြန်းပေးပါသော အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာ ဦးစိုးသိန်းနှင့် ဇနီး သီရိသုဓမ္မသိင်္ဂီဒေါ်ခင်ချိုအုန်းတို့အားလည်းကောင်း၊ ၉-၄-၂၀၁၁ရက်(စနေနေ့)တွင် ရတနာဗိမာန်ပရိယတ္တိစာသင်တိုက်၌ မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် တက်ရောက်ကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ ၁၀-၄-၂၀၁၁ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel မင်းတုန်းခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ Spectrum တေးဂီတအဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်အလှ ဖန်တီးပေးပါသော မိတ်ကပ်စိုးစိုး၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ပဲခူးမြို့မှ အန်တီဒေါ်ခင်လေးကြည်၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော မန္တလေးမြို့ ပတ္တမြားကျောက်မျက်ရတနာရွှေဆိုင်မှ အန်တီ ဒေါ်စန်းစန်းထွေး၊ မင်္ဂလာဖိတ်စာများ စိတ်တိုင်းကျ ရိုက်နှိပ်ပေးပါသော ဒဂုံဖိတ်စာနှင့် ပုံနှိပ်တိုက်၊ ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးပေးပါသော Digital World၊ ဓာတ်ပုံ ဦးမြင့်အောင်၊ Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်သန်းထက်ဦး-မအိအိနွယ်

နှင်းရတနာသန့်(ပုသိမ်)
အိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း
(၁) ချောင်းသာ၊ ရွှေသောင်ယံကားလမ်းဘေး၊ မြေ ၂၄ဧက ရောင်းရန်ရှိသည်။
(၂) အိမ်ခြံမြေ၊ ဆိုင်ခန်းများ ရောင်းဝယ်ငှားရမ်းလိုသူများ ဆက်သွယ်နိုင်ပါသည်။
ကိုသန့်ဇင် ဖုန်း-၀၉-၈၆၀-၂၇၉၄၊ ၀၉-၄၉၇၁၆၉၀၆
မနှင်းနှင်း ဖုန်း-၀၉-၈၆၀၀၃၄၀၊ ၀၉-၄၉၇၁၈၃၀၃
အမှတ်(၁၈)၊ ရွှေပြည်သာဈေး၊ အပေါ်ထပ်၊
ကုန်သည်လမ်း၊ ပုသိမ်မြို့

3Q **သွားဆေးကုခန်းပစ္စည်းအရောင်းဆိုင်**
အား
57(A) ယောမင်းကြီးလမ်း (ယောက်လမ်း) ဒဂုံမြို့နယ် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။
နေ့စဉ် နံနက် ၈း၀၀နာရီမှ ညနေ ၅း၀၀နာရီ (ပိတ်ရက်မရှိ)
ဖုန်း-၀၉-၇၃၀၂၉၇၉၃၊
၀၁-၇၀၉၁၂၀

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ် မြေယာရှုခင်းအလှပြုပြင်ဆောင်ရွက်နေစဉ်။
(မြို့နယ်စည်ပင်)

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် သထုံမြို့နယ်များသို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့သို့ ရောက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍ ဆောင်ရွက်နေမှုများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အလုပ်ကြိုးစားကြရန်၊ စည်းကမ်းစနစ်တကျရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နေထိုင်လိုက်နာဆောင်ရွက်ရန်နှင့် နိုင်ငံတော်သမ္မတကြီး၏ မိန့်မှာချက်၊ လမ်းညွှန် မှာကြားချက်များအား လုပ်ငန်းလမ်းညွှန်ချက် အဖြစ်လိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် သထုံမြို့ ရွှေသံလွင် ဟိုင်းဝေး ကုမ္ပဏီလီမိတက် လမ်းလုပ်ငန်းရုံးသို့ရောက်ရှိရာ ဥက္ကဋ္ဌ ဦးကျော်ဝင်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်မှု တင်ပြချက်နှင့် ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ကုမ္ပဏီအနေဖြင့် လမ်း၊ တံတား ကောင်းမွန်ရေး ဆောင်ရွက်ချက်ကို အသိအမှတ်ပြုကြောင်း၊ ယခုထက်ပိုကောင်းအောင်၊ ရေရှည်တည်တံ့အောင် စီမံဆောင်ရွက်ရေး၊ ဘိလပ်မြေစက်ရုံ၊ တာယာစက်ရုံနှင့် ရော်ဘာ အခြေခံကုန်ချောစက်ရုံများ တိုးချဲ့တည်ဆောက်ရန် လျာထားလုပ်ကိုင်ရေး၊ မြန်မာ့အသံနှင့် ညှိနှိုင်းပြီး မွန်ပြည်နယ်သတင်းမီဒီယာကွန်ရက် ဖြန့်ချိထုတ်လွှင့်နိုင်ရေး စီမံတင်ပြဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးငွေမြင့်အောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်တို့က သထုံမြို့ရှိ ကွန်ပျူတာတက္ကသိုလ် အချိန်မီဖွင့်လှစ်နိုင်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုအား မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးအာလိမ်း-ဒေါ်အေးအေးလွင်

တို့၏သား

မောင်ဟန်လင်းထွန်း

နှင့်

မန္တလေးမြို့၊ အောင်တော်မူရပ်နေ ဦးအောင်ချစ်ခိုင်-ဒေါ်ခင်မြဝင်းတို့၏သမီးကြီး

မဝင့်မို့မို့

တို့၏ ၅-၄-၂၀၁၁ရက်တွင် မန္တလေးတိုင်းဒေသကြီး ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မန္တလေးမြို့တော်ဝန်ဦးဖုန်းဇော်ဟန်၊ မင်္ဂလာလက်စွပ် နှင့် မင်္ဂလာပန်းကုံးချီးမြှင့်ဆင်မြန်းပေးပါသော ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် ဇနီးဒေါ်မို့မို့နွယ်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မဇင်နွယ်ခိုင်၊ မိတ်ကပ်လိမ်းခြယ်ပေးပါသော တင်ထွန်း၊ တေးဂီတဖြင့်ညည့်ခံပေးပါသော Perfect အဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးပါသော မနေရည်ရွှန်းနှင့် ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ပါသောလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဟန်လင်းထွန်း-မဝင့်မို့မို့

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ (ဦးအောင်ထွန်းဦး-ဒေါ်လှလှဖံ)တို့၏သားငယ်

Capt မိုးအောင်မွန် (B.C.Sc, U.C.S.Y)

Myanmar Airways International

နှင့်

ရန်ကုန်မြို့နေ ဦးမြင့်စိုး-ဒေါ်နီလာသိန်း တို့၏သမီး

မဒါလီစိုး (B.C.Sc, U.C.S.Y)

Leading Cabin Crew, Myanmar Airways International

တို့၏ ၅-၄-၂၀၁၁(အင်္ဂါနေ့)တွင် နေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော သာကေတမြို့နယ်၊ ဒုတိယမြို့နယ်တရားသူကြီး ဦးဇော်ထွန်းအောင်နှင့် မင်္ဂလာအသိသက်သေအဖြစ် ဆောင်ရွက်ပေးပါသော ဦးအောင်ထွန်းလှနှင့် ဦးလွင်ပင်၊ ၅-၄-၂၀၁၁(အင်္ဂါနေ့)တွင် မိုးညှင်းဝိပဿနာကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအလှူတော်သို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၀-၄-၂၀၁၁(တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနာယက ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းနာယက ကမ္ဘောဇဘဏ် လီမိတက်၊ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ လူမှုထူးချွန်(ပထမဆင့်) ဒေါ်နန်းသန်းထွေးတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အမှုဆောင်အရာရှိချုပ် ဦးအောင်ကြီးနှင့် ဇနီး ဒေါ်မိုးမိုးအောင်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော လေယာဉ်မယ် မချောစုစုအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော လေယာဉ်မယ် မမေယဉ်ဇော်၊ မင်္ဂလာအခြံအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော တွဲဖက်လေယာဉ်မှူး ကိုကျော်ဇေယျနှင့် တွဲဖက်လေယာဉ်မှူး ကိုမျိုးကျော်အောင်ဆန်း၊ လေယာဉ်မယ် မယုယုမွန်နှင့် ညီမလေး Sweet တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော အန်တီနွဲ့ယဉ်ဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Firsts Music Agency အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာဝတ်စုံများအားလုံးကို စိတ်တိုင်းကျဂရုတစိုက်စီစဉ်ဖန်တီးပေးပါသော ဒီဇိုင်နာ ကိုကောင်းမြတ်၊ မိတ်ကပ် ဆံပင်အလှ ညီညီမောင်(စမ်းချောင်း)နှင့် အဖွဲ့သားများအားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော Sandy Floral၊ မင်္ဂလာပွဲကြို ဓာတ်ပုံများ ရိုက်ကူးပေးပါသော Yes I Doနှင့် ကိုအောင်(Flash Memo) မင်္ဂလာညည့်ခံပွဲ၌ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော Yes I Do နှင့် အဖွဲ့သားများအားလည်းကောင်း၊ ၁၁-၄-၂၀၁၁ (တနင်္လာနေ့)တွင် Inya Lake Hotel မြက်ခင်းပြင်၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲတွင် အဘက်ဘက်မှ ကူညီပေးကြသော သူငယ်ချင်းများအားလည်းကောင်း၊ Sedona Hotel နှင့် Inya Lake Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များကို ရပ်ဝေးရပ်နီးမှ ပေးပို့ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
Capt. မိုးအောင်မွန်-မဒါလီစိုး

စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ

ဒုတိယဗိုလ်ချုပ်ကြီး သာအေး(ငြိမ်း)-ဒေါ်ဝေဝေခိုင်တို့၏ သားကြီး

မောင်စည်သူအေးအောင်

B.A(Eco),M.I.T Diploma (Electrical)

နှင့်

နေပြည်တော်ခရိုင်၊ ဥတ္တရသီရိမြို့နယ်နေ

ဦးကြည်သာ၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) [ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန]-ဒေါ်မာမာအေးတို့၏ သမီးငယ်

မဟေမာန်ကြည်သာ(ခ)ငယ်ငယ်

Diploma in Banking & Finance,Nanyang Polytechnic, Singapore,
Bachelor of Science in Banking & Finance (Hons.)
(University of London)

တို့၏ ၈-၄-၂၀၁၁(သောကြာနေ့) နံနက်တွင် Sedona Hotel (Mindone Hall)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်မင်္ဂလာအခမ်းအနားတွင်လည်းကောင်း၊ ၉-၄-၂၀၁၁ရက်နေ့တွင် ရွှေသုဝဏ်ကျောင်းတိုက် သယ်န်းကျွန်းမြို့နယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲတွင်လည်းကောင်း၊ ၁၀-၄-၂၀၁၁ ရက်နေ့တွင် Sedona Hotel(Grand Ballroom) ခန်းမ၌ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲတွင်လည်းကောင်း၊ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပေးပါသော အနန္တောအနန္တဂိုဏ်းဝင် ဆရာသမားများ၊ နှစ်ဖက်မိဘ အဘိုးအဘွားတို့နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်နှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာပွဲများသို့ ကိုယ်တိုင်ချီးမြှင့်ကြပါသော ဆရာသမား မိဘဆွေမျိုး မိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းနေဖက်ရောင်းရင်းများ၊ မင်္ဂလာပွဲများဖြစ်မြောက်အောင်မြင်ရေးအတွက် မင်္ဂလာအခမ်းအနားမှူး၊ သတို့သားအရံနှင့် သတို့သမီးအရံများ၊ မင်္ဂလာဝတ်စုံ၊ မင်္ဂလာလက်ဝတ်ရတနာ၊ မိတ်ကပ်အလှဖန်တီးရှင်များ၊ မင်္ဂလာအခမ်းအနား၊ တေးဂီတ၊ ဓာတ်ပုံဗီဒီယိုအဖွဲ့များ၊ ညည့်ခံကျွေးမွေးသော Sedona Hotelမန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများသို့ ကိုယ်တိုင်ကြွရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာစကား၊ မင်္ဂလာလက်ဆောင်ပေးပို့ကြပါသော ဆရာသမားအကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စည်သူအေးအောင်-မဟေမာန်ကြည်သာ(ခ)ငယ်ငယ်

ပုလဲရတုမင်္ဂလာဆုတောင်း

ဖေဖေ-**ဦးလင်းထွန်းမြင့်**

(ဌာနမှူး၊ ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)

မေမေ-**ဒေါ်ခင်ဆွေဝင်း**

(ဇမ္ဗူကျော်စိန်ရွှေရတနာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)

ချစ်သော ဖေဖေနှင့်မေမေတို့၏ ၁၂-၄-၂၀၁၁ရက်တွင် ကျရောက်သော နှစ်(၃၀) ပြည့်ပုလဲရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ရတုအဆက်ဆက်တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ အောင်မြင်သာယာသော ဘဝလမ်းခရီးကို မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ထာဝရလျှောက်လှမ်းနိုင်ပါစေဟု ဆုတောင်းလျက်---

ချစ်သမီးကြီး - မဖြူသင်းခိုင်(CARE Myanmar)
ချစ်သားကြီး - မောင်မျိုးသက်ပိုင်လင်း(အလုပ်သင်ဆရာဝန်)
ချစ်သားငယ် - မောင်မိုးသက်နိုင်လင်း(3 rd MB,IM-1)

မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးစန်းလွင်-ဒေါ်လှရီ တို့၏ သား

မောင်နန်းသောင်း

B.Sc(Geology)

YongNam Engineering Pte Ltd, Singapore

နှင့်

ရန်ကုန်မြို့နေ ဦးမြင့်မောင်ထွေး[ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)မြန်မာ့မီးရထား]-ဒေါ်ခင်ဝင်းညိုတို့၏ သမီး

မစုဝင်းမောင်

B.Com

Diploma in Accounting (L.C.C.I, U.K)
Higher Diploma in Business Administration.(Cambridge)
Accountant Stanford Medical Group Pte Ltd, Singapore

တို့သည် နှစ်ဖက်သောမိဘများ၏ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီး ပိဋကသုံးပုံနိကာယ်စာသင်တိုက်၌ မင်္ဂလာဦးဆွမ်းကျွေး၍ Summit Park View Hotel ၌ မင်္ဂလာညည့်ခံပွဲအခမ်းအနားအား ကျင်းပပြီးစီးပါကြောင်းနှင့် ညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နန်းသောင်း-မစုဝင်းမောင်

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အိမ်ရောင်းမည်

ခဝဲခြံ၊ မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက်၊ ပတ်ဝန်းကျင်ကောင်း၊ ရေမီးစုံ တိုက်ခံအိမ်၊ အုတ်တံတိုင်းခတ်ပြီး လမ်းမကြီးဘေး အသင့်တက်နေရုံ (သိန်း၇၅၀) ညှိနှိုင်း-

Contest ph-၀၉၅၀၉၁၃၅၄၊ ၆၄၄၁၇၄

ပန်းရတု
သူငယ်ချင်းဒိုင်ယာရီ

ရွှေပြည်ဟိန်းကုမ္ပဏီ [illegible] နှစ်သစ်ဦး အလင်းဒါန [illegible]

[illegible]

ရွှေပြည်ဟိန်းကုမ္ပဏီ [illegible]
[illegible]

သီတာရွှေပြည်ဟိန်း [illegible] ဆေးရုံတော်အလင်းဒါန နှစ်သစ်ဦး [illegible]

[illegible] ဆေးရုံတော်၌ Prof. Dr. Mya Aung, Dr. Daw Yi Yi Aung, Dr. Daw Yupar Aung, Dr. Daw Khin Ohn Myint, Dr. Daw Khin Ohmar Khine, Dr. Sa J Lwin, Dr. Daw Zin Mar Myint, Dr. Thein Than Htaik, Dr. U Kyaw Soe, Dr. Than Tun Aung, Dr. Daw Wai Nwe Win, Dr. Kyaw Htoo Aung တို့က [illegible] (၁၂) [illegible] (၂၅-၂-၂၀၁၁) [illegible] (၁၉-၄-၂၀၁၁) [illegible] အသိပေးအပ်ပါသည်။

[illegible]

မွေးနေ့ဆုတောင်း

ချစ်ခင်ပွန်းကိုဇာနည်
အင်ဂျင်နီယာဌာန (အဆောက်အအုံ)
(Y.C.D.C)

၁၂-၄-၂၀၁၁ ရက်တွင် ကျရောက်သော ချစ်ခင်ပွန်း ကိုဇာနည်၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၀၀)တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၍ ပြည့်စုံအောင်မြင်သောဘဝကို ချစ်သောမိသားစုနှင့်အတူ ရာသက်ပန် ထာဝရပိုင်ဆိုင် လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး - **ရည်ရည်မွန်**
ချစ်သမီးကြီး - **မြဖူးခင်(ခ)ဖူးဖူး**
ချစ်သမီးငယ် - **မြသော်တာ(ခ)သော်သော်**

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ သစ်တောလမ်း၊ အမှတ်(၂၆)ဟုခေါ်တွင်သော(၃)ခန်းတွဲ အဆောက်အအုံရှိ (မျက်နှာမူ၍ကြည့်လျှင် မြေညီထပ် လက်ဝဲဘက်အစွန်ဆုံးတိုက်ခန်း)ကို ကျွန်ုပ်၏ မိတ်ဆွေက အမွေဆိုင်များထံမှ ဝယ်ယူရန်စရန်ပေးပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား အပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိလျှင် အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးမြဟန် B.A(Law).,LL.B.,D.B.L.,D.M.L
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၇၀၁)
အမှတ်(၅၅)၊ဒုတိယထပ်၊ အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့

သားအဖြစ်မှစွန့်လွှတ်ခြင်း

မောင်တင်ဇော်ထွန်း [၁၂/ဒလန(နိုင်)၀၅၀၇၆၀]သည် ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှစ်ပါးအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

(မေးမြန်းခြင်းသည်းခံပါ။)

ဖခင် - ဦးလှဝေ [၁၂/ဒလန(နိုင်)၀၀၁၄၃၂]
မိခင် - ဒေါ်ရီရီမြင့်[၁၂/ဒလန(နိုင်)၀၀၁၄၃၃]

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး
မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်

နေပြည်တော် ဧပြီ ၁၁

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲအတွက် စာမူနှင့် လက်ရာများအား ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပပျောက်ရေးကို ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ -

(က) ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့ "Think Health, Not Drugs"

(ခ) မူးယစ်အန္တရာယ် လူ့ရန်စွယ်၊ ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

(ဂ) အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

(ဃ) တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

(၂) **ဝတ္ထုတို** ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာ ထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀ အတွင်း ဖြစ်သည်။

(၃) **ဆောင်းပါး** ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာ ထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်သည်။

(၄) **ကဗျာ**ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင် ကဗျာသည် မြန်မာကဗျာစပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ (ပါဒ ၁၀၀မှ ၂၀၀) အတွင်း ရှိရမည်။

(၅) **တေးသီချင်း** ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း(သို့မဟုတ်) အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် တေးသွားသီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရော စာသားပါ အကြောင်းအရာတင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ စကားလုံး ကျစ်လျစ် ထိရောက်ရမည်။ ပြိုင်ပွဲဝင်မည့်တေးသီချင်းအား CD ဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်း တစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ်အချောသွင်းထားပြီးဖြစ်သော CD Master နှင့်အတူ စာသားကို ကွန်ပျူတာ(သို့) လက်နှိပ်စက်ဖြင့် ရေးသားပြီး မူရင်းတစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

(၆) **ပန်းချီ၊ကာတွန်း၊ ပိုစတာ** ပြိုင်ပွဲနှင့် ပတ်သက်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ (၃)ဆင့် ယှဉ်ပြိုင်ခွင့်ပြုပါသည်။ မူလတန်းအဆင့် (၃၊ ၄ တန်း)၊ အလယ်တန်းအဆင့် (၅၊၆၊၇တန်း)နှင့် အထက်တန်းအဆင့် (၈၊၉၊၁၀တန်း) ယှဉ်ပြိုင်ခွင့်ပြုသည်။ အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ သက်ဆိုင်ရာ အဆင့်တွင်သာ ပါဝင်ယှဉ်ပြိုင်ရပါမည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလို။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာ ရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ သရုပ်ဖော်ရေးဆွဲစေပြီး ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၇) **ဓာတ်ပုံ** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် (၁၀×၁၄) လက်မ အရွယ် ဆေးရောင်စုံ (Colour) (သို့) အဖြူအမည်း (Mono Chrome)ဓာတ်ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် ဒီဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထားခြင်း မပြုရ။ နဂ္ဂတစ်(သို့) စလိုက်(သို့) ဒီဂျစ်တယ်ပုံဖြစ်ပါက EXIF Data အပြည့်အစုံပါသော Original Raw File (သို့) 300 dpi Resolution ရှိ 10 " × 14" အရွယ် Tiff File CD-R ဖြင့် ထည့်သွင်း၍ ပေးပို့ရန်နှင့် မိမိကိုယ်တိုင်ရိုက်ကူးထားသော ပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော ပုံ မဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆုနှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။ (**မှတ်ချက်။** ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက် ပေးပို့ရမည်။)

(၈) **ကွန်ပျူတာပန်းချီ** ပြိုင်ပွဲကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ဟူ၍ နှစ်ဆင့်ခွဲပြီး ကျင်းပပြုလုပ်ရမည်ဖြစ်သည်။ အထက်တန်းအဆင့်အတွက် (၈၊ ၉၊ ၁၀)တန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် (၅၊ ၆၊ ၇)တန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာ အမျိုးအစားဖြင့် ရေးဆွဲရန်၊
(Software Programme ကို Corel-draw, photoshop, Clarif office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။)

(ခ) ရေးဆွဲချိန် (၂)နာရီသတ်မှတ်ရန်၊

(ဂ) CD ဖြင့် ကူးယူ၍ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပေးပို့ရန်၊

(၉) **ကွန်ပျူတာပိုစတာ** ပြိုင်ပွဲအား အလွတ်တန်း တစ်တန်းတည်းသာ သတ်မှတ်ပြီး အသက်(၁၅)နှစ်အထက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင် CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် ပေးပို့ရမည်။

(၁၀) **ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း**ပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဘာသာရပ်တစ်မျိုးအတွက် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်စသည်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် တိုင်းဒေသကြီး/ပြည်နယ်များမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် သင့်လျော်သည့် နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီး ထွန်းဝေ၊ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်(ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်) ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာ လက်ရာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများအား နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့်နေ့ရက် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ၃၁-၅-၂၀၁၁ရက်နေ့ အရောက်

(ခ) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ၁၀-၆-၂၀၁၁ရက်နေ့ အရောက်

(ဂ) တေးသီချင်း ၂၄-၅-၂၀၁၁ ရက်နေ့အရောက်

(ဃ) ဓာတ်ပုံ ၆-၆-၂၀၁၁ ရက်နေ့အရောက်

(၁၅) စာမူတေးသီချင်း လက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခံရသော စာမူနှင့်လက်ရာများကို ၂၀၁၁ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ကြေညာမည်ဖြစ်ပါသည်။ ဆုရရှိသူများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

(၁၆) ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(၁၇) **မှတ်ချက်။** ။ မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ချက်ဆောင်ပုဒ်များသတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးတည်သည့် မည်သည့်သီကုံးရေးဆွဲရိုက်ကူးမှုကိုမဆို လွတ်လပ်စွာ ပြုလုပ်နိုင်ကြသည်။ (သတင်းစဉ်)

အုတ်တွင်းမြို့နယ် သာစည်ကျေးရွာ ကျောက်ချောလမ်းဖွင့်

အုတ်တွင်း ဧပြီ ၁၀

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သာစည်ကျေးရွာ ကျောက်ချောလမ်းအပိုင်း ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် နံနက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ရပ်မိရပ်ဖ ဦးငြိမ်းမောင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျေးရွာလုပ်သားပြည်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

အကုန်ကျခံ

အဆိုပါ ကျောက်ချောလမ်း အရှည်ပေ ၂၄၅၀ ကို အဖွဲ့ရန်ပုံငွေကျပ် ၁၁၃ ဒသမ ၁ သိန်း အကုန်ကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၂၉၄)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြင်ဦးလွင်နာရီဆိုင်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ပြင်ဦးလွင် နာရီရောင်းဝယ်ရေးဆိုင်အား ယခင်အမှတ်(၂၃၃)၊ အနော်ရထာလမ်းမှ ယခုအမှတ်(၂၂၅)၊ (၃၁လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းကြား) အနော်ရထာလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း မိတ်ဟောင်း၊ မိတ်သစ်များအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

လူကြီးမင်းတို့၏ ပိုနေသော ရိုးလက်(စ်)-အိုမီဂါ-ဆွစ်ဇာလန်နိုင်ငံလုပ်နာရီ အသစ်/အဟောင်းများကို အထူးဈေးကောင်းပေး ဝယ်ယူလိုပါသည်။

တန်ဖိုးကြီးဆွစ်ဇာလန်နာရီများကို ပြုပြင်လိုပါက စောင့်ယူစနစ်ဖြင့် လူကြီးမင်းတို့ စိတ်တိုင်းကျ အထူးဝန်ဆောင်မှုဖြင့် ပြုပြင်ပေးနေပါသည်။

မိတ်ဟောင်းမိတ်သစ်အပေါင်း မင်္ဂလာနှစ်သစ်အခါသမယတွင် ကိုယ်စိတ်နှလုံးရွှင်လန်း ချမ်းမြေ့ကြပါစေ။

ပြင်ဦးလွင်နာရီရောင်းဝယ်ရေး
အမှတ်(၂၂၅)၊ (၃၁လမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းကြား)
အနော်ရထာလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၆၂၈၆၊ ၃၈၀၅၁၆

ကျေးဇူးဆပ်ပါမည်

ဦးဇော်ဝင်း[၁၀/မလမ(နိုင်)၁၆၀၉၀၆]၊ မဖြိုးပြည့်စုဝေ[၁၂/လမန(နိုင်)၁၅၂၅၆၅]၊ ဦးစိန်မြင့်[HZA-207237]၊ မနမ့်မိသကြဲန်[၁၄/ပသန(နိုင်)၁၉၈၅၁၀]တို့၏ မှတ်ပုံတင်များ အတွဲလိုက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန်**

ဖုန်း-၀၉-၇၃၀၈၀၇၆၇၊ ၀၉-၄၃၀၂၁၂၅၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၈၀(က) အကျယ်အဝန်း ပေ(၂၀×၆၀)၊ ဧရိယာ(၀. ၀၂၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁)လမ်း၊ အမှတ်၈၀(က)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက် ဒေါက်တာ ဖုန်းမှုလှိုင် [၁၂/ဥကတ(နိုင်)၀၆၉၂၃၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ ဤနို့တစ်စာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထွန်း(စဉ်-၃၆၁၉)	**ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)**
H.G.P,LL.B,LL.M	**LL.B,LL.M**
Diploma in Business Law	**Diploma in Business Law**
Advocate	**Advocate**

အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၅၃၇၊ ၃၉၄၇၂၅၊ ၃၇၉၈၁၂၊ ၃၉၄၀၈၀၊ ၀၉-၈၀၃၂၅၈၂၊ ၀၉-၅၁၈၃၁၅၃

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်မြို့ထွက် မြေယာရှုခင်းများ၊ သန့်ရှင်းသာယာ လှပရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး) ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ လသာမြို့နယ် ပညာရေးမိသားစုက အကြိမ်(၆၀)မြောက် ဘိုးဘွားများနေ့ အထိမ်းအမှတ်အဖြစ် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မီးဖိုသုံးလျှင်

(က) သုံးစွဲပြီးပါက မီးကြွင်းမီးကျန် မရှိပါစေနှင့်။
(ခ) မီးဖိုအနီးမှာ လူစောင့်အမြဲထားပါ။
(ဂ) မီးဖိုအနီး လောင်စာဆီ မထားပါနှင့်။
(ဃ) အိုမင်းမစွမ်းသူများနှင့် ကလေးသူငယ်များကို မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းပါနှင့်။
(င) သုံးစွဲပြီးလျှင် မီးကြွင်းမီးကျန်မရှိအောင် စနစ်တကျစစ်ဆေးပါ။
(စ) အခါအားလျော်စွာ သတ်မှတ်ထားသည့် မီးသုံးစွဲချိန်များကို လိုက်နာပါ။
(ဆ) မီးဖိုနံဘေးတွင် လုံလောက်သော အကာအရံထားရှိပြီး သဲပုံး၊ ရေပုံးများ ထားပါ။

မီးသတ်ဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

မြန်မာဟိန္ဒီ စာပေအသင်းဥက္ကဋ္ဌ ဦးလှကြိုင် (စာရေးဆရာကြီးပါရဂူ) အသက် (၉၀) ကွယ်လွန်ကြောင်းသိရ၍ ဟိန္ဒီစာပေအသင်းနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

မြန်မာဟိန္ဒီ စာပေအသင်း

ဝမ်းနည်းကြေကွဲခြင်း

တစ်သက်တာ စာပေဆုရှင် ဦးလှကြိုင် (စာရေးဆရာကြီးပါရဂူ) အသက် (၉၀) ကွယ်လွန်ကြောင်း သိရ၍ အထူးဝမ်းနည်းကြေကွဲမိပါကြောင်း။

သနန္တနဓမ္မပါလက အဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဖွားမြိုင် အသက်(၉၀)
(ဟုမ္မလင်း-မောင်းခမ်း)

ဦးအောင်ဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊တရားစီရင်ရေး၊ နေပြည်တော်)၊ ဒေါက်တာ ဒေါ်ရည်ရည်မော်(ပါမောက္ခ/ ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏ မိခင် ဒေါ်ဖွားမြိုင်သည် ၈-၄-၂၀၁၁ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

72 Batch UTC မှ သူငယ်ချင်းများ

ရောင်းချရန်ကြော်ငြာစာ
တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၀ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၆

ဒေါ်အေးအေးခိုင်	နှင့်	ဦးလှအောင်
တရားနိုင်		**တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၆/၂၀၀၈ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၁ ခုနှစ်၊ မေလ ၁၈ ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျက် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၁ ခုနှစ်၊ ဧပြီလ ၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

ဦးအောင်သိန်း(တ/၂၂၅၀)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁၅)၊ ဝဇီရာ(၂)လမ်း၊ (စ)ရပ်ကွက်၊ အမှတ်(၂၁၅)၊ အလျား ပေ၂၀×အနံပေ၆၀၊ ဧရိယာ(၁၂၀၀)စတုရန်းပေ နှစ်(၆၀)မြေငှားဂရန်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အထက်ပါပစ္စည်းအတွက် ကြမ်းခင်းဈေး ကျပ်သိန်း(၈၀) (ကျပ်သိန်းရှစ်ဆယ်တိတိ) သတ်မှတ်ပါသည်။

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့ ဗိုလ်ချုပ်လမ်းနေ ဒေါက်တာဝင်းမောင်နှင့် ဇနီး ဒေါ်ဦးမြင့်(မိုးဆေးခန်း) မိသားစုက ဒေါက်တာ ဝင်းမောင်၏ (၇၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်နေ့တာ အာဟာရ ကျွေးမွေးလှူဒါန်းပြီး ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးကျော်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(၃၄၁)

အရှင်ဝါယမ
သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၃)နှစ်

(၁၃၇၂ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ရက်) ၃၀-၄-၂၀၁၀(သောကြာနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသော သာသနာ့အကျိုးဆောင် နန်းဦး အရှင်ဝါယမဆရာတော်၏ ရုပ်ကလာပ်တော်အား (၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ရက်မှ၁၄ရက်)ထိ ၂၉-၃-၂၀၁၁ရက်မှ ၂-၄-၂၀၁၁ရက်ထိ ကွမ်းခြံကုန်းမြို့နယ် မော်ဘီကျေးရွာ နန်းဦးဘုန်းတော်ကြီးကျောင်း၌ အန္တိမအဂ္ဂိဈာပနပူဇော်ပွဲ ကျင်းပပြီးစီးပြီဖြစ်ကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ကွမ်းခြံကုန်းမြို့နယ်၊ မော်ဘီကျေးရွာ

ဒေါ်ညိမ်းတင် (၆၈)နှစ်
(ဖားအောက်)

မော်လမြိုင်မြို့၊ ဖားအောက်ရွာနေ (ဦးဘစန်း-ဒေါ်ပန်းရင်)တို့၏သမီး၊ တိုက်(၂၀)၊အခန်း(၀၀၁)၊ တညင်းကုန်းအိမ်ရာ၊ အင်းစိန်မြို့နယ်နေ ဦးစိန်သွင်(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ဇနီး၊ ဒေါ်လေးလေးခိုင်(မြန်မာ့သစ်လုပ်ငန်း)၊ ဦးခင် မောင်ဝင်း-ဒေါ်စန္ဒာသွင်(မြန်မာ့သစ်လုပ်ငန်း)၊ ဒေါ်သူဇာသွင်၊ မင်းကျော်ကျော်ခိုင် (Uniteam Co,.Ltd)-မအိအိသန့်မြင့်တို့ ၏မိခင်၊ မမေဖူးသွယ်၊ မောင်ကောင်းခန့်ကျော်တို့၏ အဘွားသည် ၉-၄-၂၀၁၁ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် အိန္ဒိယနိုင်ငံ သာဝတ္ထိမြို့၊ မြန်မာဘုန်းတော်ကြီးကျောင်း၌ ကွယ်လွန်သွားပါသဖြင့် ယင်း နေ့ ည ၉း၃၀ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးမြအေး(ခ)ဦးဘုန်းနိုင်(ဒေါပုံ)
အသက်(၄၇)နှစ်

OPERATION MANAGER, OMIC MYANMAR Co., Ltd

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၇)နေ [ဦးမြဖေ(ကုန်သွယ်/လယ်ယာ-ငြိမ်း)]-ဒေါ်စောတို့၏ ချစ်လှစွာသောတတိယသား၊ ဦးအေးဝင်း(စက်မှု-၁၊ ငြိမ်း) ASIA LIGHT Co., Ltd၊ ဦးစိန်မြင့်တို့၏ ချစ်လှစွာသောညီ၊ (ဦးအောင်နိုင်-ဒေါ်တင်တင်ကြိုင်)၊ မခင်ခင်လေး၊ မစန်းစန်းဝင်း၊ မအေးအေးမာ(ရွှေဒီပါကျော် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ မောင်သန်းနိုင်(ခ)မောင်သန်းလှိုင်(ဝါဆိုလူငယ်)၊ မချိုချိုမာ(ရောဝတီဘဏ်ရုံးချုပ်)တို့၏ ချစ်လှစွာသောအစ်ကို၊ မောင်ဇွဲနိုင်ဟိန်း(G.x အထက-၁၊ ဒေါပုံ)တို့၏ ချစ်လှစွာသောဘကြီးသည် ၁၀-၄-၂၀၁၁(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၁(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းထိန် (၄၇)နှစ်

[A.G.T.I(EP) (1999-2000)]; A.E.O(G.WIN COMPANY)

ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်၊ လိုင်း(၆)၊အခန်း(၁၈)၊ ဆိပ်ကမ်းမိသားစုအိမ်ရာနေ ဒေါ်ဖြူဖြူစိန်၏ ခင်ပွန်း၊ မောင်သော်ဇင်ဦး[အထက-၁၊ ဗိုလ်တထောင်၊ ဒသမတန်း(A)]၊ မဖြူဖြူဟန်သာ[အထက-၁၊ ဗိုလ်တထောင်၊ တတိယတန်း(A)]တို့၏ဖခင်၊ ရမည်းသင်းမြို့နယ်၊ (မကျီးကုန်း/မြောက်ရွာ)နေ (ဦးစိန်ဝင်း)-ဒေါ်စိန်လှကြည်တို့၏သား၊ မစန်းဝင်းကြည်၊ မောင်နေလင်း၊ မောင်ဇော်ဝင်း၊ မောင်ငွေးနိုင်ဦး၊ မအေးသီတာတို့၏ မောင်/အစ်ကိုသည် ၁၀-၄-၂၀၁၁ (တနင်္ဂနွေနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၁ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

Air Bagan Limited, Flight Operations Department မှ လေယာဉ်မယ် မလှမြတ်သူ၏ဖခင် ဦးမြင့်လွင်(ခ)ကိုကောက်လေးသည် ၉-၄-၂၀၁၁ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်တူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

လေယာဉ်မှူးများ၊ လေယာဉ်မောင်/မယ်များနှင့်
Flight Operations Department ဝန်ထမ်းများ
Air Bagan Limited

လွမ်းဆွတ်သတိရခြင်း

ချစ်လှစွာသော သားကြီး မောင်အောင်မြင့်မြတ်ကွယ်လွန်ခဲ့သည်မှာ (၅)နှစ် ပြည့်ခဲ့ပြီးဖြစ်ပေမယ့် မိသားစုအားလုံး သတိရနေဆဲပါ။ သားကြီးအတွက် ရည်စူးပြီး ပုသိမ်ဒီပါရုံစခန်းတွင် အလှူဒါနပြုလုပ်မည်ဖြစ်ပါ၍ သားကြီး မြင့်မြတ်ရာ ဘုံဘဝမှ သာဓုခေါ်ဆိုပါ။

ဖေကြီး-ဦးတင်ဝင်း
မေကြီး-ဒေါ်လှမြတ်ထွေး
ညီလေး-အောင်ဗိုလ်ဗိုလ်ထွေး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၂၂)၊ ကြည့်မြင်တိုင်အရှေ့တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇-စီ)၊ မြေကွက်အမှတ်(၁၆၇)၌ တည်ရှိသော ဦးစံငြိမ်းလမ်း၊ အိမ်အမှတ်(၁၆)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ အဆောက်အအုံ (၂)ထပ်တိုက်၏ မြေညီထပ် (၂)ခန်းရှိသည့်အနက် (တောင်ဘက်) တိုက်ခန်း (ထပ်ခိုးအပြည့်ပါ) တိုက်ခန်းတစ်စုံနှင့် ၎င်းနှင့်ပတ်သက်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်သူဇာမင်း၏ လွှဲအပ်ချက်အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းမြတ်အောင်[၁၂/ရကန(နိုင်)၀၆၆၄၄၁]ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်နွယ်နီအောင် (LL.B,LL.M,D.I.R)
အထက်တန်းရှေ့နေ(စဉ်-၂၃၇၀၈)
အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈

ဇီဝ မျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကမ္ဘောဇအသင်း၏ ထိုးဖောက်မှုကို ရက္ခပူရအသင်း နောက်ခံလူ ဖျက်ထုတ်စဉ်။

သိန်းသန်းဝင်း၏ဂိုးဖြင့် ကမ္ဘောဇ နိုင်ပွဲဆက်

ရန်ကုန် ဧပြီ ၁၁

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမကျော့ ပွဲစဉ်(၆) နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ကမ္ဘောဇအသင်းက ရက္ခပူရယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကမ္ဘောဇ - တစ်ဂိုး *(သိန်းသန်းဝင်း)*
ရက္ခပူရယူနိုက်တက် - ဂိုးမရှိ

စာမျက်နှာ ၁၀ ကော်လံ ၆ သို့◆

အင်တာနက် သဘာဝဘေးအန္တရာယ်သတင်း | ဘာသာပြန် – ရေမောင်

ပစိဖိတ်သမုဒ္ဒရာ၌ ဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်း အိန္ဒိယသမုဒ္ဒရာအပေါ် အကျိုးသက်ရောက်မှု လေ့လာမည်

နယူးဒေလီ ဧပြီ ၁၁။ ။ ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း မြေငလျင်နှင့်အတူ ပစိဖိတ်သမုဒ္ဒရာ၌ ဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်းသည် အိန္ဒိယသမုဒ္ဒရာအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်သည်ကို အိန္ဒိယသိပ္ပံပညာရှင်များ လေ့လာကြမည်ဖြစ်ကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

မတ် ၁၁ ရက်က ဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်း ရိုက်ခတ်မှုဖြစ်စဉ်အပြီး ပစိဖိတ်သမုဒ္ဒရာအတွင်း အပြောင်းအလဲများ ဖြစ်ပေါ်နိုင်ကြောင်း၊ ပစိဖိတ်သမုဒ္ဒရာသည် အလွန်ကျယ်ပြောသည့် သမုဒ္ဒရာဖြစ်ခြင်းကြောင့် ကမ္ဘာနှင့်ချီ၍ အကျိုးသက်ရောက်မှုဖြစ်ပေါ်လာနိုင်ကြောင်း အိန္ဒိယ မိုးလေဝသဌာန ညွှန်ကြားရေးမှူးချုပ် အဂစ်တီယာဂီက ပြောကြားသည်။

ဆူနာမီရေလှိုင်းရိုက်ခတ်အပြီး ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ပတ်သက်နေသော သိပ္ပံရေးရာ အချက်အလက်များကို အိန္ဒိယသိပ္ပံပညာရှင်များက လေ့လာသွားမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၆ သို့ ❑

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ပင်လယ်ကမ်းရိုးတန်းမြို့များသည် ဆူနာမီရေလှိုင်းဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ကြရသည်။ (ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးနှင့် မန်ယူ ပထမအကျော့ဆုံတွေ့ခဲ့စဉ် မန်ယူမှ ဝိန်းရွန်နေး ဤကဲ့သို့ ထိုးဖောက်ကစားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူနှင့်ချယ်လ်ဆီးတို့အတွက် ဆီမီးတက်ရေး အဆုံးအဖြတ်ပေးတော့မည့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ ပထမနေ့ပွဲစဉ်များ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ ပထမနေ့ပွဲစဉ်များတွင် ဘာစီလိုနာအတွက် နောက်တစ်ဆင့်တက်ရန် အခက်အခဲမရှိနိုင်သော်လည်း မန်ယူနှင့် ချယ်လ်ဆီးတို့၏ ပြိုင်ဆိုင်မှုက ပြင်းထန်လာမည်ဖြစ်ခြင်းကြောင့် ပရိသတ်အကြိုက်ပွဲတစ်ပွဲ ဖြစ်လာဦးမည်ထင်သည်။

၁၃-၄-၂၀၁၁(ဗုဒ္ဓဟူးနေ့)
နံနက် ၁း၁၅ နာရီ
မန်ယူ - ချယ်လ်ဆီး

ပထမအကျော့ စတမ်းဖို့ဒ်ဘရက်ချ်၌ ယှဉ်ပြိုင်ကစားခဲ့စဉ် ပွဲချိန် ၂၄ မိနစ်တွင် ဝိန်းရွန်နေး၏ သွင်းဂိုး တစ်ဂိုးဖြင့် မန်ယူက အဝေးကွင်း နိုင်ပွဲရထားသည်။ ထိုပွဲတွင် ချယ်လ်ဆီးအသင်း ကစားကွက်အနည်းငယ် အသာစီးရယူနိုင်ခဲ့သလို ဂိုးသွင်းခွင့်များလည်း ပိုရခဲ့သည်။ သို့သော် တိုက်စစ်မှူးများ အဆုံးသတ်မသေချာ၍ ချေပဂိုးပင် ပြန်မရခဲ့ပေ။

ယခုဒုတိယအကျော့ ယှဉ်ပြိုင်ကစားရမည်က မန်ယူအသင်း၏ အိုးထရက်ဖို့ဒ်ဖြစ်နေ၍ ချယ်လ်ဆီးအတွက် အခက်ခဲဆုံးပွဲဖြစ်လာမည်ထင်သည်။ ချယ်လ်ဆီးတိုက်စစ်နှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့❖